မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၆၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော တရုတ် ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါဧည့်ခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နှင့် ဇနီးတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့်ဇနီးဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြား ထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင် စောနှင်းတို့သည် *စာမျက်နှာ ၃ ကော်လံ ၁* ●

အာကာသ သိပ္ပံ

အာကာသကို ငြိမ်းချမ်းစွာ စူးစမ်းလေ့လာအသုံးချရန် တရုတ်ပြည်သူတို့ ရည်မှန်းကြောင်း ဝန်ကြီးချုပ်ဝမ်ပြောဆို

ရှန်ကျိုး-၇ အာကာသယာဉ်ဖြင့် မြေပြင်သို့ အောင်မြင်ချောမောစွာ ပြန်လည်ရောက်ရှိလာသော တရုတ်အာကာသ ယာဉ်မှူးသုံးဦးတို့က တရုတ်ပြည်သူများအား ဤသို့လက်ဝှေ့ယမ်းနှုတ်ဆက်ခဲ့ကြသည်။ (ဆင်ဟွာသတင်းဓာတ်ပုံ)

ပေကျင်း စက်တင်ဘာ ၂၉

အာကာသကို ငြိမ်းချမ်းစွာ စူးစမ်းလေ့လာအသုံးပြုရေးအတွက် လူလိုက်ပါသည့် အာကာသယာဉ်စေလွှတ်ရေး နည်းပညာများ တတ်မြောက်တီထွင်ကြံဆရေးမှာ တရုတ်ပြည်သူတို့၏ ခိုင်မာသောရည်မှန်းချက်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ယနေ့ပြောကြားလိုက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ဆောင်းပါး အညွှန်း

ယနေ့ပြည်သူအားလုံးဟာ တည်ငြိမ် အေးချမ်းမှုနဲ့ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီး အပွင့်တွေကို ကိုယ်တိုင် ရရှိခံစားနိုင်ခဲ့ ကြပါပြီ။ နိုင်ငံအေးချမ်းတည်ငြိမ်လာ တာနဲ့အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသလို တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ပြည်သူအားလုံးရဲ့ ကိုယ်စီ အကျိုးစီးပွားပါ မြင့်မားတိုးတက် ဖြစ်ထွန်းလာတာကို အထင်အရှားတွေ့နိုင်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒ ဆိုတာ တိုင်းပြည်ရဲ့၊ ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတယ်ဆိုတာ အမှန်ပါပဲ။

ကျော်မင်းလူ (ရွှေပြည်သာ)၏ ဆောင်းပါး စာ - ၆ နှင့် ၇ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်)

သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံရေးအတွက် လူငယ်လူရွယ်များ ဝိုင်းဝန်းဖေးမကူညီပေး

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ (၅၂)ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်အရ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ၁၉၉၉ခုနှစ် အောက်တိုဘာ ၁ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် ၁၉၉၇ခုနှစ် ဇူလိုင် ၂၁ရက်နေ့က ဆုံးဖြတ်ခဲ့သည်။

ဇီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့လူသားများသည် ပို၍အသက်ရှည်လာကြပြီး ကမ္ဘာနှင့်အဝန်း၌ သက်ကြီးရွယ်အိုများ များစွာ တိုးပွားလာခဲ့သည်။ ယင်းသို့ သက်ကြီးရွယ်အိုဦးရေများလာသည်နှင့်အမျှ ပြုစုစောင့်ရှောက်မှုလုပ်ငန်းပမာဏလည်း ကြီးမားလာခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာ၌ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးလုပ်ငန်းများကို ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာနှင့်အညီ လူမှုစောင့်ရှောက်ရေး လုပ်ငန်းတစ်ခု အဖြစ် ဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့ကျူးကျော်စစ်၏ စစ်ဘေးဒဏ်ကြောင့် ခိုကိုးရာမဲ့ဖြစ်ခဲ့ရသည့် ဘိုးဘွားများ အနှံ့အပြားပေါ်ပေါက်လာခဲ့ရာမှာ အဘွားဒေါ်ဦးဖွန်းသည် ၁၂၇၆ခု ပြာသိုလပြည့်ကျော် ၁၂ရက်နေ့တွင် ပထမဆုံး သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းကို မင်းကွန်းမြေ၌ စတင်ဆောင်ရွက်ခဲ့သည်။

အဘိုးအဘွားများကိုကူညီစောင့်ရှောက်ရန်အတွက် ပြည်နယ်နှင့်တိုင်းများတွင် ဘိုးဘွားရိပ်သာများကိုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်ခဲ့ပေသည်။ သက်ကြီးရွယ်အိုများ၏ဘဝ အစဉ်ရှင်သန်နေပျော်စေရန် လူငယ်လူရွယ်များက ကူညီပံ့ပိုးပေးရန်လိုအပ်သကဲ့သို့ ဘိုးဘွားများ၏ ဖြတ်သန်းခဲ့သော ဘဝအတွေ့အကြုံ ဗဟုသုတများကို တန်ဖိုးထားပြီး ရယူထိန်းသိမ်းရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ သက်ကြီးရွယ်အိုများ၏ဘဝကို တန်ဖိုးထားလေးစားပြီး "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ဆောင်ပုဒ်အရ လူငယ်လူရွယ်များ အားလုံး အဘိုးအဘွားများကို ကရုဏာထားပြီး ဝိုင်းဝန်းဖေးမ ကူညီစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ နေ့ကို အလေးဂရုပြု ဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်များကြား ဆက်နွယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ရွှေ့ဂရယ်လ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Dr.Khalilur Rahman နှင့် မြန်မာနိုင်ငံ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး အစီအစဉ် စီမံချက်မန်နေဂျာ ဒေါက်တာ ညိုညိုကြိုင်တို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြား ဆက်သွယ်ရေးဌာနစိတ်မှ ဒေါက်တာမောင်မောင်သန်းထိုက်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်များကြား ဆက်နွယ်မှုဆိုင်ရာများကို ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၇။	မျိုးချစ်တပ်မတော်
၅:၂၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၂၀)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၉)

ဆောက်လုပ်ရေး ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၁)(ရေသန့်)နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(ရေသန့်) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ရက်က ရန်ကုန်မြို့ရှိ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းများသည် ရက်သတ္တပါတ် ကြာမြင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၃ဦး တက်ရောက်ခဲ့ကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာပြီး ရန်ကုန်-ပုသိမ်လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆) လှိုင်သာယာ လမ်းစခန်းရုံး ရှင်းလင်းဆောင်၌ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ်(၇/၅ နှင့် ၇/၆) ကြား လမ်းပြုပြင်ပြီးစီးမှု၊ မိုင်တိုင်အမှတ် (၂၁/၃ နှင့် ၂၁/၄)ကြား စက်ယန္တရားဖြင့် ကျောက်ခင်းကြိတ်နေမှု**(အပေါ်ပုံ)**နှင့် မအူပင်-ဆားမလောက်လမ်းပိုင်း မိုင်တိုင်အမှတ်(၃၁/၃ နှင့် ၃၁/၄)ကြား လမ်းသားမျက်နှာပြင်ညှို၍ ကျောက်ဖြည့်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်၌ ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးကြီးမှူး ဗဟန်းအထက(၁) ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ရက် မွန်းတည့် ၁၂နာရီက ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုက တကယ့်လူမွန်လူရည်ချွန် ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(အပေါ်ယာပုံ)**

ကြည့်ရှု

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသားကျောင်းသူကလေးများက ပြသထားသည့် စာအုပ်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ညနေ ၆နာရီ ၄၅မိနစ်တွင် ညှော်ခံပွဲကျင်းပရာ ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu က ကြိုဆိုနှုတ်ဆက်သည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော် မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ညှော်ခံပွဲတွင် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့က (၅၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

အောင်မြင်စွာဆင်းသက်

တရုတ်ပြည်၏ ရှန့်ကျိူ-၇ အာကာသယာဉ် မြေပြင်သို့ အောင်မြင်စွာဆင်းသက် ပြီးချိန်တွင် ပေကျင်းမြေပြင်ထိန်းချုပ်ရေးစခန်း၌ ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တတိယနိုင်ငံ

အောင်မြင်သည့် ဤအာကာသစူးစမ်းလေ့လာရေးအစီအစဉ်မှာ တရုတ်ပြည်၏ အာကာသနည်းပညာဖွံ့ဖြိုးရေးတွင် သမိုင်းမှတ်တိုင်တစ်ခုနှင့် ခုန်ပျံကျော်လွှားသည့် ရှေ့တစ်လှမ်းတိုးသည့် လက္ခဏာဖြစ်ကြောင်း၊ ထို့ပြင် အာကာသတွင်းလမ်းလျှောက် ပြနိုင်သည့် ကမ္ဘာ့တတိယနိုင်ငံအဖြစ်သို့ တရုတ်ပြည် ရောက်ရှိသွားစေကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ် အာကာသယာဉ်မှူး များနှင့် ဤလုပ်ငန်းမှ မြေပြင်ဝန်ထမ်းများအား ဂုဏ်ပြုချီးကျူးစကား ပြောကြားလိုက်သည်။ **ကိုးကား-ဆင်ဟွာ**

အထူးအယူခံခုံရုံး နေပြည်တော်၌ ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၉

တရားရုံးချုပ် (မန္တလေး) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးစိန်လှိုင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက်၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ၁၁မှုကို အမိန့်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့်ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၀၈ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အတီးပြိုင်ပွဲ
၇း၅၀	၅။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၀၅	၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၁၅	၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(မဟာဂီတ) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)**
၈း၃၀	၈။ International News
၈း၄၀	၉။ **လေ့ကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာခိုင် [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၈း၅၀	၁၀။ အကပြိုင်ပွဲ

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ နှောင်းခေတ်တေးပဒေသာ
၄း၂၀	၃။ အတီးပြိုင်ပွဲ
၄း၃၀	၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၅	၅။ တေးဂီတအစီအစဉ်
၄း၄၅	၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၅း၃၅	၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)**
၆း၀၀	၈။ ညနေခင်းသတင်း
၆း၃၀	၉။ မိုးလေဝသအခြေအနေ
၆း၃၅	၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၅	၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၄)
၈း၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁၄)
	၁၈။ အစီအစဉ်ပြီး၏။

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။ (ဓမ္မပဒ-၂၈)

မုန်တိုင်းသင့်ဒေသများရှိ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုရန် အိန္ဒိယသမ္မတနိုင်ငံက အိမ်မိုးသွပ်ချပ်ရေငါးသိန်းခန့် ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

မုန်တိုင်းသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အိန္ဒိယသမ္မတနိုင်ငံမှ အိမ်မိုးသွပ်ချပ်ရေငါးသိန်းခန့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင် မြန်မာ့ဆိပ်ကမ်း သီလဝါ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်လက်ခံယူသည်။ **(အပေါ်ပုံ)**

တက်ရောက်

လွှဲပြောင်းပေးအပ်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

အစီအစဉ်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အိန္ဒိယသမ္မတနိုင်ငံကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra က သွပ်ပြားများကို ပေးအပ်လှူဒါန်းပြီး သွပ်ပြားများထည့်ထားသည့် ကုန်သေတ္တာများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ အိန္ဒိယသမ္မတနိုင်ငံ၏ လှူဒါန်းမှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၆၁မီလီယံတန်ဖိုးရှိ အိမ်မိုးသွပ်ချပ်ရေငါးသိန်းခန့် စုစုပေါင်းမက်ထရစ်တန် ၁၀၂၀ဒသမ၈၃၀ရှိ ကုန်သေတ္တာ၅၂လုံးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

စက်တင်ဘာ၂၈ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက တရုတ်(တိုင်ပေ)သို့ ကျန်းမီအမည်ရှိ အင်အားပြင်းထန်သော မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခြင်း၊ ကနေဒါနိုင်ငံ နိုဗာစကိုတီရာပြည်နယ်သို့ ကိုင်လီအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဦးတည်ရွေ့လျားလျက်ရှိခြင်း၊ နီပေါအနောက် ပိုင်းတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် လူများသေဆုံးရခြင်း၊ ဗီယက်နမ်မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ရသည်။

စက်တင်ဘာ ၂၉ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ မွန်ပြည်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကျဲကျဲမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၉ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ-

ကျိုက္ကမီ	၄ဒသမ၃၇ လက်မ
သံတွဲ	၃ဒသမ၁၅ လက်မ
မော်လိုက်	၂ဒသမ၀၈ လက်မ
ဟားခါး	၁ဒသမ၇၇ လက်မ

စက်တင်ဘာ ၃၀ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ၃၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြလိုက်ရပါသည်။ ။ **ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်**

မြောက်နိုင်ငံ နျူကလီးယားသဘောတူညီချက် အမေရိကန်ချိုးဖောက်ဟု စွပ်စွဲ

ဂျီနီဗာ စက်တင်ဘာ ၂၉

အမေရိကန်နိုင်ငံက မြောက်နိုင်ငံ နျူကလီးယားသဘောတူညီချက်ကို ချိုးဖောက်နေသည်ဟု မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပတ်ကီယုန်က စက်တင်ဘာ ၂၇ရက်တွင် စွပ်စွဲလိုက်ပြီး မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တန်ပြန်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောကြားလိုက်သည်။

သဘောတူညီ

တရုတ်၊ ရုရှား၊ အမေရိကန်၊ ဂျပန်၊ တောင်နှင့် မြောက်ကိုရီးယားတို့ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၃ရက်က ပေကျင်း၌ သဘောတူညီခဲ့သည့် နျူကလီးယား သဘောတူညီချက်ကို ၎င်းက ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။

ပြောကြား

အမေရိကန်က သူ့တာဝန်ကို အကောင်အထည်ဖော်ရန် ငြင်းဆိုခြင်းအားဖြင့် အဆိုပါနျူကလီးယား သဘောတူညီချက်ကို အကောင်အထည်ဖော်ရာ၌ တမင်အဟန့်အတားများ ပြုလုပ်ကာ သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်၌ စစ်သွေးကြွများပစ်ခတ်မှု အမျိုးသမီး ရဲတပ်ဖွဲ့ဝင် သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ စက်တင်ဘာ ၂၈ ရက် နံနက် စနာရီခန့်က တာလီဘန် စစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအမျိုးသမီးသည် သူမ၏ သားနှင့်နေအိမ်မှထွက်လာရာ စစ်သွေးကြွများက ကားတစ်စီးအတွင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင်မှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားကာ သူမ၏သားငယ်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း၊ စစ်သွေးကြွများမှာ ထွက်ပြေး လွတ်မြောက်သွားကြောင်း ထပ်လောင်း ပြောကြားသည်။

၎င်းစစ်သွေးကြွများ၏ အကြမ်းဖက်လုပ်ရပ်သည် ကြိုတင်စီမံဆောင်ရွက်ထားခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ နှိမ်နင်းနိုင်ရန်အတွက် ၂၀၀၁ ခုနှစ်ကတည်းက နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၇၁၀၀၀ ခန့်အား တပ်ဖြန့်ချထားလျက်ရှိသည်။

အာဖဂန်နစ္စတန်၌ ဒေသတွင်းသဘောထားကွဲလွဲမှုများနှင့် မတည်ငြိမ်ဖြစ်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယခုနှစ်အတွင်း လူပေါင်း ၄၀၀၀ကျော် သေဆုံးလျက်ရှိရာ အရပ်သား ၁၄၄၅ဦး ပါဝင်လျက်ရှိသည်။ **(အင်တာနက်)**

တိုရွန်တို စက်တင်ဘာ ၂၉

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ကျောက်တုံးများကို ကနေဒါ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

တည်ရှိခဲ့

အဆိုပါသက်တမ်းအရင့်ဆုံး ကျောက်တုံးများကို ကနေဒါနိုင်ငံ ဟူဆန်ပင်လယ်အော်ကမ်းခြေ၌ ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၂၈ ဘီလီယံခန့်ကတည်းက ကမ္ဘာ့မြေပြင်ပေါ်တွင် တည်ရှိခဲ့သော ကျောက်တုံးများဖြစ်သည်ဟုဆိုသည်။

ကမ္ဘာ့ရှေးအကျဆုံး ကျောက်တုံးများ တွေ့ရှိ

တချို့သော ကျောက်တုံးများမှာလွန်ခဲ့သော နှစ်သန်း ၂၅၀ ကျော်က သက်တမ်းရင့်ကျောက်တုံးများကဲ့သို့ ပုံသဏ္ဍာန်တူနေသော်လည်းကမ္ဘာမြေ၏ပထမဆုံးကျောက်တုံးများပင်ဖြစ်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

ကျောက်ဖြစ်ရုပ်ကြွင်း

ယခု ရှာဖွေတွေ့ရှိရသော သက်တမ်းရင့်ကျောက်တုံးအချို့တွင် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရသကဲ့သို့ အချို့ကျောက်တုံးများတွင် ဓာတုပြောင်းလဲမှုဖြစ်စဉ် အချို့ကိုလည်း တွေ့ရှိရသည်ဟုဆိုသည်။

ရှာဖွေတွေ့ရှိ

ယခုကျောက်တုံးများကို ရှာဖွေမတွေ့မီက ကနေဒါအနောက်မြောက်ပိုင်း ဒေသ၌ သက်တမ်းရင့် ကျောက်တုံးများကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ယင်းကျောက်တုံးများ၏ သက်တမ်းမှာ နှစ် ၄ ဒသမ ၀၃ဘီလီယံခန့်ရှိသည်ဟု ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တင်ပို့



စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ ပင်လယ်ဆိပ်ကမ်း၌ သင်္ဘောတစ်စင်း ပေါ်သို့ ကုန် သေတ္တာ များ တင် ပို့ လျက် ရှိသည်ကို စက်တင်ဘာ ၂၉ရက် က တွေ့ ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၇၄ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း၌ စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁နာရီခန့်က အမေရိကန် စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ် မတော်တဆဖြစ်ရပ်ကြောင့် နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိပြီးနောက် သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာကြေညာချက်၌ သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သေဆုံးသူမည်သူဖြစ်သည်ကို သတင်းမထုတ်ပြန်သေးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၂၀၀၃ ခုနှစ် အီရတ်သို့ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ စတင်ဝင်ရောက် ကျူးကျော်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၇၄ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ပျက်စီး

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ ဈေးတစ်ခု အတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အရောင်းဆိုင်များ ပျက်စီးခဲ့သည်ကို စက်တင်ဘာ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ၏ စီဒီအမ်အေဆက်သွယ်မှုကွန်ရက် အဆင့်မြှင့်တင်ရေး ဆောင်ရွက်

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံအတွင်း ဆက်သွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီဒီအမ်အေ ဆက်သွယ်မှုကွန်ရက် အဆင့်မြှင့်တင်ရေး လုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၆၉ ဘီလီယံ အသုံးပြု လုပ် ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ဆက် သွယ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့က ပြောကြားသည်။

စတင်

ယင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ရက်မှ စတင်ဆောင်ရွက်မည် ဖြစ်သည်။ ကျေးရွာများအထိ စီဒီအမ်အေဆက်သွယ်ရေး ကောင်းမွန်စေရန် ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

တိုးချဲ့

ထို့ပြင် တရုတ်ဆက်သွယ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အနေဖြင့် လာမည့် သုံးနှစ်ကျော်ကာလအတွင်း လက်ကိုင်ဖုန်းများမှနေ၍ အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၉-၉-၂၀၀၈

မြောက်ကိုရီးယားနှင့်ကင်ညာ သံတမန်ဆက်ဆံရေးထူထောင်

ပြုံယမ်း စက်တင်ဘာ ၂၉

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား) နိုင်ငံအနေဖြင့် ကင်ညာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို စတင်ထူထောင်လိုက်ပြီဖြစ်ကြောင်း ကေစီအင်န်အေသတင်း အေဂျင်စီက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ နှစ်နိုင်ငံ သံအမတ်အဆင့် သံတမန်ဆက်ဆံရေး ထူထောင်ရန် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပူးတွဲတရားဝင် သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ပီရူး၌ဘတ်စ်ကားတိမ်းမှောက်၍ ၁၇ ဦးသေဆုံး

လီမာ စက်တင်ဘာ ၂၉

ပီရူးနိုင်ငံ လီမာမြို့မြောက်ပိုင်း ကီလိုမီတာ ၈၀၀အကွာရှိ အော်လ်မိုဒေသ အဝေးပြေးလမ်းမပေါ်ရှိ ခရီးသည် ၇၈ ဦးတင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးသည်စက်တင်ဘာ ၂၈ရက်တွင် တိမ်းမှောက်မှုဖြစ်ပွားရာ **(အပေါ်ပုံ)** ခရီးသည် ၁၇ဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ပီရူးနိုင်ငံ၌ ယာဉ်မတော်တဆမှု ၉၃၀ဖြစ်ပွားရာ လူပေါင်း ၃၉၁ဦး သေဆုံးပြီး ၂၇၇၇ ဦး ဒဏ်ရာရကြောင်း ပြည်နယ်သတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဘူဂေးရီးယား၌ ကုန်တင်သင်္ဘောနစ်မြုပ်

ဆိုဖီယာ စက်တင်ဘာ ၂၉

ဘူဂေးရီးယားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ဖြစ်သည့် ပင်လယ်နက်အတွင်း၌ ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး သင်္ဘောပေါ်တွင် လိုက်ပါလာသော သင်္ဘောသားအားလုံးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဘူဂေးရီးယားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းကုန်တင်သင်္ဘောမှာ တောင်ကိုရီးယားနိုင်ငံပိုင် သင်္ဘောဖြစ်ကာ ယူကရိန်းသင်္ဘောသား ကိုးဦးနှင့် ရုရှားသင်္ဘောသားတစ်ဦးတို့ လိုက်ပါလာခဲ့ကြောင်း၊ ဘူဂေးရီးယားလေတပ်မှ ရဟတ်ယာဉ်များနှင့်အတူ သင်္ဘောများဖြင့် ပျောက်ဆုံးလျက်ရှိသည့် သင်္ဘောသားများအား ရှာဖွေလျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်၌ ပိုလန်အင်ဂျင်နီယာတစ်ဦး ပြန်ပေးဆွဲခံရ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စစ်မက်ထူပြောသည့်ဒေသတွင် စက်တင်ဘာ ၂၉ရက်က ပိုလန်အင်ဂျင်နီယာတစ်ဦးသည် သေနတ်သမားတစ်ဦး၏ ပြန်ပေးဆွဲခံခဲ့ရကြောင်း၊ ၎င်းအင်ဂျင်နီယာ နှင့် အဖော်လိုက်ပါခဲ့သူ ပါကစ္စတန်သုံးဦးသည် သေနတ်ပစ်ခံရပြီး သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ပါကစ္စတန်နိုင်ငံ အက်တော့စ်ခရိုင် ပင်ဆူလတန်နီ ကျေးရွာအနီးတွင် ပိုလန်အင်ဂျင်နီယာ၊ ၎င်း၏လက်ထောက်၊ ယာဉ်မောင်းနှင့် လုံခြုံရေးတို့ စီးနင်းလာသောကားကို သေနတ်သမားက ကားတစ်စီးဖြင့် ချုံခိုတိုက်ခိုက်ခဲ့မှုကြောင့် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ဂျပန်၊ ဗီယက်နမ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်

တိုကျို စက်တင်ဘာ ၂၉

ဂျပန်နိုင်ငံသည် ၎င်း၏မိတ်ဆွေဖက်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ဆွစ်ဇာလန်နိုင်ငံတို့နှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၇ ခုနှစ် မေလအတွင်း သဘောတူထားရှိပြီးဖြစ်ကြောင်း၊ ယခုစက်မှုကဏ္ဍဆိုင်ရာကို ပထမဦးစွာ စတင်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၎င်းနိုင်ငံတို့အနေဖြင့် လွတ်လပ်စွာကုန်သွယ်မှု ပြုရေးကို ဆွေးနွေးညှိနှိုင်းပြီးဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကို စင်ကာပူ၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ ထိုင်း၊ ချီလီနိုင်ငံတို့နှင့် ထပ်မံ၍ သဘောတူ လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

ကိုးကား-အင်တာနက်နှင့်ဆင်ဟွာသတင်းများ

30-9 (04).pmd 1 9/30/2008, 2:43 AM

အဝလွန်သည့်ကလေးငယ်များ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ခံစားရဖွယ်

အဝလွန်သည့်ကလေးငယ်များသည် ခေါင်းတစ်ခြမ်းကိုက်သည့် ဝေဒနာကို ငယ်ရွယ်စဉ်ကပင် စောစီးစွာ ခံစားရနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သတိပေးလိုက်သည်။

စစ်ဆေးတွေ့ရှိ

အဝလွန်သည့် ကလေးငယ်များအား သုတေသနပြုခဲ့ရာ အဝလွန်သည့်ကလေးငယ်များ၏ ၆၀ ရာခိုင်နှုန်းသည် ခေါင်းတစ်ခြမ်းကိုက်သည့် ဝေဒနာများ ခံစားနေကြရကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ၄င်းတို့က ပြောကြားသည်။

ပြောကြား

အဝလွန်သည့်ကလေးငယ်များအနေဖြင့် သွေးအတွင်း ကိုလက်စထရောများပြီး သွေးလှည့်ပတ်စီးဆင်းမှု မမှန်ကန်ခြင်း၊ ဦးနှောက်သွေးကြောများ ပုံမှန်အလုပ်လုပ်နိုင်မှုမရှိခြင်း၊ ပျက်စီးသွားသော ဦးနှောက်ဆဲလ်များ အလိုအလျောက် ဖယ်ရှားသန့်စင်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဦးခေါင်းတစ်ခြမ်းကိုက်သည့် ဝေဒနာ ခံစားရခြင်းဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ကြောင့် အဝလွန်ခြင်းသည် ဦးနှောက် တစ်ခြမ်းကိုက်ခြင်း ဝေဒနာများနှင့် ဆက်စပ်လျက်ရှိကြောင်း၊ အဝလွန်သည့် ကလေးငယ်များ အနေဖြင့် လေ့ကျင့်ခန်းများ ပြုလုပ်ပြီး ကိုယ် အလေးချိန် လျှော့ချသင့်ကြောင်း ၄င်းတို့က အကြံပြုထားသည်။

အင်တာနက် ကျန်းမာရေး

သူတို့အတွေးနှင့်အမြင်

* *Out of debt, out of danger.*
  ကြွေးမရှိလျှင် အန္တရာယ်ကင်းသည်။
  ဂျီးဇက်ပရက်စလေ(အင်္ဂလိပ်လူမျိုး ဘာသာရေးသမားနှင့်အတွေးအခေါ် ပညာရှင်)
* *A lover without indiscretion is no lover at all.*
  အမြော်အမြင်ရှိသော ချစ်သူတစ်ဦးသည် ချစ်သူလုံးဝမဟုတ်ပေ။
  သောမတ်စ်ဟာဒီ(အင်္ဂလိပ်လူမျိုး ဝတ္ထုရေးဆရာ၊ ကဗျာဆရာနှင့်ပြဇာတ်ရေးဆရာ)

ဘဝအမောပြေ

ဒါကြောင့်ပါ....

အိမ်တစ်အိမ်အတွင်း၌ ပစ္စည်းများပစ်ပေါက်သံ၊ ကျကွဲသံများ ဆူညံနေသဖြင့် လမ်းသွားလမ်းလာများ အိမ်အပြင်မှ ဝိုင်းအုံကြည့်လျက်ရှိနေစဉ် ကလေးငယ်တစ်ဦး အိမ်အတွင်းမှ ထွက်လာသဖြင့် အမျိုးသားကြီးတစ်ဦးက မေးလေသည်။

အမျိုးသားကြီး ။ ။ ချာတိတ်...အိမ်ထဲမှာ ဘာတွေဖြစ်နေကြတာလဲကွ။
ကလေးငယ် ။ ။ ရန်ဖြစ်နေတာပါ။
အမျိုးသားကြီး ။ ။ ဘယ်သူတွေ ရန်ဖြစ်နေကြတာလဲ။
ကလေးငယ် ။ ။ ကျွန်တော့်အဖေနဲ့ အမေပေါ့။
အမျိုးသားကြီး ။ ။ အေးကွာ...ဒီလောက်ဖြစ်နေတော့ ဘာများဖြစ်နေတာလဲလို့ မေးကြည့်တာပါ။ ပစ္စည်းတွေပျက်စီး ဆုံးရှုံးတာပေါ့၊ ဒါထက်မင်းအဖေကဘယ်လိုလဲ...မထိန်းဘူးလားကွာ။
ကလေးငယ် ။ ။ အဲဒီ...ကျွန်တော့်အဖေဘယ်သူလဲဆိုတဲ့ ကိစ္စနဲ့ အခြေရန်ဖြစ်နေတာပေါ့။
အမျိုးသားကြီး ။ ။ 'ဟေ'

ခါတ်အားပေး စက်ရုံ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံ၌ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရေပြင်၌ အမြန်ဆုံးကူးခပ်နိုင်သည့်ငါးများ

ဇီဝသိပ္ပံ



ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများတွင် ကူးခပ်သွားလာမှု အမြန်ဆုံးမှာ ပင်လယ်ကျားများဟု ခေါ်ဆိုသော ငါးမျိုးစိတ်တစ်မျိုးဖြစ်ပြီး ကမ္ဘာ့ရေပြင်၌ ကူးခပ်သွားလာမှု အမြန်ဆုံးငါးများဖြစ်ကြောင်း ဗြိတိသျှအဏ္ဏဝါဗေဒ သုတေသနပညာရှင် တက်ဒ်ဆန်က ပြောကြားသည်။

<u>တူညီ</u>

အဆိုပါငါးမျိုးစိတ်သည် ရေပြင်အောက်၌ ကူးခပ်သွားလာရာတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းရှိကြောင်း၊ ခန္ဓာကိုယ်ဖွဲ့စည်းမှုမှာ အရွယ်အလတ်စားဖြစ်ပြီး ငါးမန်းမျိုးစိတ်နှင့် တူကြောင်း သိရသည်။

ယင်းငါးမျိုးသည် တူနာနှင့် ငါးမန်းမျိုးစိတ်ကွဲများနှင့် ပုံသဏ္ဌာန်တူသော်လည်း အများအားဖြင့် ပင်လယ်ရေနက်ပိုင်း၌ သွားလာကျက်စားနေထိုင်သည့် ငါးမျိုးစိတ်ဖြစ်သည်။

<u>လျော့နည်းလာ</u>

ယခုအခါ အဆိုပါငါးမျိုးစိတ်မှာ အကောင်အရေအတွက် လျော့နည်းလာကြောင်း၊ ကမ္ဘာ့ရေအေးနှင့် ရေနွေးစီးကြောင်းများ ပြောင်းလဲမှုကြောင့်နှင့် ပင်လယ်ရေအပူချိန်မြင့်တက်လာမှုတို့ကြောင့် မျိုးသုဉ်းရန်ဦးတည်နေသည့် ငါးမျိုးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သမီးအလိမ္မာ ဖြစ်သော်ငြားလည်း....

နိုင်ငံတကာမှုခင်း

သမီးအလိမ္မာ မာစီယာ

<u>မြို့ကြီးတစ်မြို့</u>

နက်ရှ်ဗီလီမြို့သည် အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်၏ မြို့တော်ဖြစ်ပြီး လူဦးရေ ခုနစ်သိန်းကျော်နေထိုင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။

<u>ချစ်ကျွမ်းဝင်</u>

နက်ရှ်ဗီလီမြို့တွင် လွန်ခဲ့သော ၁၉၆၀ ပြည့်နှစ်က မိုက်ကယ်ရစ်တာ အမည်ရှိ အမျိုးသားတစ်ဦးနှင့် ထရင်ဘယ်လ်အမည်ရှိ အမျိုးသမီးတို့ ချစ်ကျွမ်းဝင်ကာ လက်ထပ်ခဲ့ကြသည်။ သူတို့နှစ်ဦး လက်ထပ်စဉ်က မိုက်ကယ်သည် အသက် ၃၄ နှစ်အရွယ်ရှိနေပြီး ထရင်ဘယ်လ်ကမူ ၂၂နှစ်အရွယ်သာ ရှိသေးသည်။

<u>မွေးဖွား</u>

မိုက်ကယ်နှင့် ထရင်ဘယ်လ်တို့သည် အိမ်ထောင်သက် ခြောက်နှစ်ရသည့် ၁၉၆၆ ခုနှစ်တွင် တစ်ဦးတည်းသော သမီးလေး မာစီယာထရင်ဘယ်လ်ရစ်တာကို မွေးဖွားခဲ့သည်။

<u>ရောင်းချ</u>

မိုက်ကယ်သည် အစိုးရဌာနတစ်ခုတွင် အရာရှိတစ်ဦးဖြစ်ပြီး ထရင်ဘယ်လ်သည် အိမ်တွင်စတိုးဆိုင် ဖွင့်လှစ်ရောင်းချနေသူ တစ်ဦးဖြစ်သည်။

<u>ကြံ့ကြံ့ခံအန်တု</u>

မိုက်ကယ်နှင့် ထရင်ဘယ်လ်တို့ ဇနီးမောင်နှံသည် သမီးဖြစ်သူ မာစီယာအား ပညာရေးကို ဂရုစိုက် သင်ယူစေခဲ့လေသည်။ သို့သော်လည်း မာစီယာသည် မူလတန်းအထက်ဆင့်တွင် ပညာသင်ယူနေသည့် ၁၉၇၄ ခုနှစ်တွင် သူတို့သားအမိနှစ်ဦး၏ အားကိုးအားထား ပြုနေရသူ ဖြစ်သည့် အိမ်ထောင်ဦးစီးဖခင်ဖြစ်သူ မိုက်ကယ် ဆုံးပါးသွားခဲ့သဖြင့် မာစီယာတို့ သားအမိနှစ်ဦးမှာ မိန်းမသားများဖြစ်လင့်ကစား လောကဓံကို ကြံ့ကြံ့ခံအန်တုခဲ့ရသည်။

<u>ကူညီ</u>

ဖခင်မိုက်ကယ် ကွယ်လွန်စဉ်က ရှစ်နှစ်အရွယ်သာရှိသေးသော မာစီယာသည် အရွယ်နှင့်မလိုက်အောင်ပင် မိဘအပေါ် လိမ္မာသိတတ်သူလေး ဖြစ်သည်။ ထို့ကြောင့် ဖခင် ဆုံးပါးပြီးနောက် အိမ်ထောင့်တာဝန်ကိုတစ်ဦးတည်း ထမ်းဆောင်နေရသည့် မိခင်၏စတိုးဆိုင်တွင် ကူညီရုံသာမက သူမနေထိုင်ရာမြို့၏ အဝေးပြေးလမ်းမပေါ်တွင်လည်း ဘီစကွတ်မုန့်ကလေးများကို လှည့်လည်ရောင်းချခဲ့သည်။ သူမဈေးရောင်းရာ ဝန်းကျင်တွင် အခြားကလေးများလည်း မုန့်ပဲသရေစာ ရောင်းချကာ အသက်မွေးဝမ်းကျောင်းပြုနေခဲ့ကြသည်။ ထိုဝန်းကျင်သည် လူနေအိမ်ခြေနည်းပါးကာ သစ်တောအုပ်များရှိသည့် ဝန်းကျင်ဖြစ်သည်။

ဖခင်မိုက်ကယ် ကွယ်လွန်စဉ်က ရှစ်နှစ်အရွယ်သာရှိသေးသော မာစီယာသည် အရွယ်နှင့်မလိုက်အောင်ပင် မိဘအပေါ် လိမ္မာသိတတ်သူလေးဖြစ်သည်၊ ထို့ကြောင့် ဖခင်ဆုံးပါးပြီးနောက် အိမ်ထောင့်တာဝန်ကို တစ်ဦးတည်း ထမ်းဆောင်နေရသည့် မိခင်၏ စတိုးဆိုင်တွင် ကူညီရုံသာမက သူမနေထိုင်ရာ မြို့၏ အဝေးပြေးလမ်းမပေါ်တွင်လည်း ဘီစကွတ်မုန့်ကလေးများကို လှည့်လည် ရောင်းချခဲ့သည်၊ သူမဈေးရောင်းရာ ဝန်းကျင်တွင် အခြားကလေးများလည်း မုန့်ပဲသရေစာရောင်းချကာ အသက်မွေးဝမ်းကျောင်းပြုနေခဲ့ကြ။

<u>မဖမ်းနိုင်</u>

၁၉၇၅ ခုနှစ်တွင် အသက်ကိုးနှစ်အရွယ်ရှိမာစီယာသည် ဈေးရောင်းသွားရင်း ယင်းဝန်းကျင်တွင်ပင် ပျောက်ဆုံးသွားခဲ့သည်။ နှစ်ပေါင်း ၃၃ နှစ်လုံးလုံး တရားခံအား ရှာဖွေဖမ်းဆီးခဲ့ပါသော်လည်း အဓိကတရားခံအား ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ချေ။ သူမ၏ အလောင်းကိုမူ နက်ရှ်ဗီလီမြို့ အရှေ့ပိုင်း ဒေသဝန်းကျင်ရှိ တောအုပ်အစပ်တွင် ဆောက်လုပ်ထားသော ပြတင်းပေါက်မရှိသည့် ကားဂိုထောင်အတွင်း လည်ပင်းညှစ်သတ်ခံရပြီး သေဆုံးနေသည်ကိုတွေ့ရပြီး ၄င်း၏ ဝန်းကျင်တွင်လည်း ဘီစကွတ်မုန့်များ ပြန့်ကျဲနေသည်ကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်း သဲလွန်စ မကျန်ခဲ့သဖြင့် တရားခံအား မဖမ်းဆီးနိုင်ခဲ့ချေ။

<u>ပေးဆပ်</u>

မှုခင်းဖြစ်ပွားပြီး ၃၃ နှစ် အကြာဖြစ်သည့် ၂၀၀၈ ခုနှစ်တွင်မှ မာစီယာပျောက်ဆုံးခဲ့သည့် ၁၉၇၅ ခုနှစ်မှလွဲပြီး ၁၉၇၄ မှ ၂၀၀၂ ခုနှစ် အတွင်း အဓမ္မမှုများ ကျူးလွန်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရဖူးသူ အသက် ၆၁နှစ်ရှိ ဂျီရိုမီဆစ်ဒနီဘာရက်ဆိုသူအား ဒီအင်န်အေဆေးစစ်ချက် ဆက်နွယ်မှုအရ ဖမ်းဆီးခဲ့သည်။ ဘာရက်သည် ပြစ်မှုထင်ရှားပါက ပြစ်မှုကြွေးပေးဆပ်ရပေတော့မည်။

<u>နှိပ်စက်</u>

ယခုဖြစ်ရပ်၌ မိဘအပေါ်တွင် သိတတ်သည့် သမီးလိမ္မာပင်ဖြစ်သော်လည်း ကံကြမ္မာ၏ နှိပ်စက်မှုကို ခံခဲ့ရသော မာစီယာထရင် ဘယ်လ်ရစ်တာ၏ အဖြစ်ကို ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။ ကိုးကား-အင်တာနက်

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

နိုင်ငံရဲ့အနာဂတ် ပျောက်သွားမှာကို စိုးရိမ်မိပါတယ်

ကျော်မင်းလူ
(ရွှေပြည်သာ)

ဒီမိုကရေစီဆိုတာ ပြည်သူ့ဆန္ဒကို ဗဟိုပြုတဲ့ စနစ်လို့ ကျွန်တော် ရိုးရိုးလေး နားလည်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ **နိုင်ငံတစ်နိုင်ငံရဲ့ အများစုဆိုသော အင်အားဟာ ပြည်သူဖြစ်လို့ပါပဲ။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီနည်းလမ်းတကျ အဆုံးအဖြတ်ပေးနိုင်တဲ့ အင်အားစုဟာ ပြည်သူသာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့အဆုံးအဖြတ်၊ ပြည်သူရဲ့ ဆန္ဒကို အလေးထား လေးစားကြဖို့ မဖြစ်မနေ လိုအပ်ပါတယ်။**

ပြီးခဲ့တဲ့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်အတွင်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ယနေ့ ပြည်သူလူထုရဲ့ အဓိကလိုလားချက် ဆန္ဒ(၃)ရပ်ဆိုတာကို ဖော်ထုတ်ဆွေးနွေးသွားတာ အထူးပဲ သဘောကျမိပါတယ်။ ကျွန်တော်အပါအဝင် ပြည်သူအများစုရဲ့ တကယ့် ဆန္ဒအမှန်ကို ကိုယ်စားပြုနိုင်တယ်လို့ ယုံကြည်မိပါတယ်။

ဒီနေ့ ကျွန်တော်တို့ ပြည်သူအားလုံးရဲ့ ဆန္ဒအစစ်အမှန်က ဘာလဲ။ တစ်ဦးချင်းလိုက်ပြီး မေးရင်တော့ အဖြေတွေ အများကြီးဖြစ်နေမှာပါ။ တိုက်ဆောက်ချင်တယ်၊ ကားစီးချင်တယ်၊ ချမ်းသာချင်တယ်၊ ကျော်ကြားချင်တယ် စသဖြင့် ပြောလို့ဘယ်ဆုံးနိုင်ပါ့မလဲ။ ဒါပေမယ့် အားလုံးကို ခြုံငုံပြီး ပြည်သူအားလုံးရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ယထာဘူတကျတဲ့ အဓိက ဆန္ဒတွေကို ဖော်ထုတ်ပါဆိုရင် ပြန်ကြားရေးဝန်ကြီး ပြောခဲ့တဲ့ ဆန္ဒကြီး(၃)ရပ်ကိုပဲ ထောက်ခံကြရမှာပါ။ တကယ်လည်း ပြည်သူအများစုရဲ့ ဆန္ဒအားလုံးကို လွှမ်းခြုံကိုယ်စားပြုနိုင်တဲ့ အချက်တွေပါပဲ။

နံပါတ်(၁)အနေနဲ့ ပြောရရင် ကျွန်တော်တို့၊ ခင်ဗျားတို့ အားလုံးဟာ တည်ငြိမ်အေးချမ်းမှုကို လိုလားပါတယ်။ ဘယ်သူမှ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကိုဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို မလိုချင်ပါဘူး။ ကျွန်တော်တို့ရဲ့ ဘဝသက်တမ်းမှာ ပြည်တွင်း သောင်းကျန်းမှုတွေ၊ ပြည်တွင်းစစ်မီးတောက်တွေ၊ သပိတ်မှောက်ဆန္ဒပြမှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေနဲ့ ရန်းရင်းဆန်ခတ် ရုတ်ရုတ်သဲသဲကြားမှာ ကျီးလန့်စာစားနေခဲ့ရတဲ့ ဘဝမျိုးစုံအောင် ကြုံဖူးခဲ့လှပါပြီ။ ခေတ်အဆက်ဆက် တိုက်ကြခိုက်ကြ၊ ဆူကြပူကြ၊ သတ်ကြဖြတ်ကြနဲ့ တည်ငြိမ်မှု၊ အေးချမ်းမှုမရှိတဲ့ကာလတွေကို စိတ်ကုန် စိတ်ပျက်နေကြပါပြီ။ ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီလိုပြန်ဖြစ်မှာ ကြောက်ကို ကြောက်နေတော့တာပါ။ အလားတူ ဇဇအရေးအခင်းဆိုတာမျိုးကိုလည်း လေသံတောင် မကြားချင်တော့ပါဘူး။ ဒီတော့ ကိုယ်စီဘဝလေးတွေနဲ့ ဣန္ဒြေရရ၊ အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်ပဲ နေချင်ကြပါတယ်။ အခုလည်း ကျွန်တော်တို့လိုချင်တဲ့အတိုင်း တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစား၊ စံစားခွင့်ရရှိနေပြီဖြစ်လို့ အားရကျေနပ်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်ကြိုးပမ်းနေကြတာမျိုးကိုလည်း လုံးဝလက်မခံနိုင်ပါဘူး၊ ဒါဟာ ကျွန်တော်တို့ ပြည်သူအားလုံးရဲ့ ရင်ထဲကဆန္ဒအစစ်အမှန်ပါပဲ။

> **ယနေ့ တွေးခေါ်သုံးသပ်စဉ်းစားရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ စဉ်းစားတွေးခေါ် သုံးသပ်နိုင်ဖို့လည်း အကြံပြုခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံရေးလုပ်ကြရာမှာ နိုင်ငံနဲ့ပြည်သူရဲ့အကျိုးကို နံပါတ်(၁) ဦးစားပေးနေရာထားပြီးမှ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စုကိစ္စကို နံပါတ်(၂) နေရာထား စဉ်းစား သုံးသပ်ဆောင်ရွက်မယ်ဆိုရင် အားလုံးအဆင်ပြေသွားမှာပါ။**

နံပါတ်(၂) ဆန္ဒအနေနဲ့က ကျွန်တော်တို့ ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ် မြင်ချင်ကြပါတယ်။ နိုင်ငံချင်းယှဉ်ရင် ကိုယ့်နိုင်ငံကို သူများထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်စေချင်တာ ဓမ္မတာပဲ မဟုတ်လား။ အလားတူ လူမျိုးချင်းယှဉ်ရင်လည်း ကိုယ့်လူမျိုးက ပိုပြီးတော်တာ၊ ပိုပြီးအောင်မြင်တာ၊ ပိုပြီးချမ်းသာတာကို မြင်လို၊ တွေ့လို၊ ဂုဏ်ယူလိုကြတာပါပဲ။ အလားတူ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်တာ၊ ချမ်းသာတာကို လိုချင်ကြတာပါပဲ။ အဲဒီတော့ အမျိုးမစစ်တဲ့ ဆန့်ကျင်ဘက် ပုဆိန်ရိုးတွေကလွဲလို့ နိုင်ငံသားကောင်းပီသတဲ့ မြန်မာပြည်သူအားလုံးက ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားတယ်ဆိုတာ ပြောစရာမလိုအောင် ထင်ရှားနေသလို ပြည်သူတစ်ဦးချင်းစီရဲ့ တိုးတက်အောင်မြင်ချမ်းသာမှုကို လိုချင်ကြတာကလည်း ပြည်သူ့ဆန္ဒ အစစ်အမှန်ဆိုတာ သေချာလှပါတယ်။

ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်ကြည့်ရင် လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်ဆိုတာနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဆိုတဲ့ ကာလကြီးနှစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ ပါလီမန်ဒီမိုကရေစီ ခေတ်အတွင်းမှာ ပါတီတွေ ကွဲကြပြဲကြ၊ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုတွေ ထကြွကြနဲ့ တစ်နိုင်ငံလုံး ဝါးအစည်းပြေပြီး သူတစ်လူ ငါတစ်မင်း ထင်ရာစိုင်းနေခဲ့ကြတာကြောင့် တည်ငြိမ်အေးချမ်းမှု လုံးဝမရှိခဲ့တဲ့ အခြေအနေကို သိမီလိုက်သူတွေ ပြန်ပြီး သတိရနိုင်ပါလိမ့်မယ်။ နိုင်ငံ တည်ငြိမ်အေးချမ်းမှု လုံးဝမရှိလေတော့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း ဘာမှ ထိထိရောက်ရောက် မလုပ်ပေးနိုင်ခဲ့ပါဘူး။ ပြည်သူ အများစုကြီးဟာ ဖွတ်ကျောပြာစု ခရုဆန်ကျွတ်ဘဝနဲ့ ဆင်းရဲနိမ့်ကျစွာ ရုန်းကန်ရှင်သန်ခဲ့ရပါတယ်။ ပြည်တွင်းစစ်မီးလျှံတွေကြားမှာ ကျီးလန့်စာစားဘဝနဲ့ ဖြတ်သန်းရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် အဲဒီဘဝမျိုးကို ကျွန်တော်တို့ ပြည်သူတွေက ယောင်လို့တောင် သတိမရချင်တော့ပါဘူး။

အလားတူ လမ်းစဉ်ပါတီခေတ်မှာလည်း နိုင်ငံရေးတည်ငြိမ်မှု အထိုက်အလျောက်ရှိခဲ့တယ်ဆိုပေမယ့် ပြည်တွင်းသောင်းကျန်းမှု အမြစ်မပြတ်နိုင်သေးတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်ငြိမ်အေးချမ်းမှုမျိုးကို မရခဲ့ပြန်ပါဘူး။ တည်ငြိမ်အေးချမ်းမှု မရှိလေတော့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း စိတ်ကူးတောင်ယဉ်လို့မရနိုင်တဲ့ အခြေအနေမျိုးပါ။ ပြည်သူလူထုဟာ ဆင်းရဲချို့တဲ့စွာနဲ့ပဲ အခက်အခဲဒုက္ခပေါင်းစုံကို ခါးစည်းခံခဲ့ကြရပါတယ်။ တကယ်တော့ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ခုနှစ်ကနေ ၁၉၈၈ခုနှစ်အထိ အနှစ်၄၀ ဆိုတဲ့ ကာလဟာ နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ တကယ်တမ်းသာ ထိထိရောက်ရောက် စွမ်းဆောင်နိုင်မယ်ဆိုရင် လုံလောက်တဲ့ အချိန်အတိုင်းအတာ ဖြစ်ပါတယ်။ သို့သော် ဘာမှဖြစ်မလာခဲ့တာ အားလုံးအသိပါပဲ။

> **အနာဂတ်အတွက် ညီညာဖြိုဖြိုအားသွန်ကြိုးပမ်းနေကြရမယ့်အချိန်ရောက်နေပါပြီ။ လက်ရှိရောက်နေတဲ့လမ်းကြောင်းမှန်ပေါ်မှာ မငြင်းမခုံ မဆန့်ကျင်ကြဘဲ အတူလက်တွဲကြိုးပမ်းသွားကြမှသာ တစ်ချိန်ချိန်မှာ သူတို့ကို မီပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ ငြင်းခုံနေတာ၊ ဆန့်ကျင်နေတာ၊ သွေးထိုးလှုံ့ဆော်နေတာနဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းတီးနေကြမယ်ဆိုရင်တော့ နိုင်ငံရဲ့အနာဂတ်ပျောက်သွားမှာ အမှန်ပဲ စိုးရိမ်မိပါတယ်။**

ဆက်ပြီးပြောရရင် **၁၉၈၈ နောက်ပိုင်း ယနေ့ခေတ်ကာလမှာတော့ တည်ဆဲအစိုးရအနေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့လို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ပုံဖော်ပေးနိုင်ခဲ့ပါတယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ခဲ့တာဟာ တကယ့် မဟာစွမ်းဆောင်မှုပါပဲ။ ဒါကြောင့် ကျွန်တော်တို့၊ ခင်ဗျားတို့ ယနေ့ ပြည်သူအားလုံးဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကို ကိုယ်တိုင်ရရှိခံစားနိုင်ခဲ့ကြပါပြီ။ နိုင်ငံအေးချမ်းတည်ငြိမ်လာတာနဲ့အမျှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာသလို တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ပြည်သူအားလုံးရဲ့ ကိုယ်စီအကျိုးစီးပွားပါ မြင့်မားတိုးတက် ဖြစ်ထွန်းလာတာကို အထင်အရှား တွေ့နိုင်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒဆိုတာ တိုင်းပြည်ရဲ့၊ ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတယ်ဆိုတာ အမှန်ပါပဲ။**

အခုဆက်ပြီး နံပါတ်(၃) ဆန္ဒကို ပြောချင်ပါတယ်။ ပြည်သူတိုင်းဟာ ဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်ပြုမူဆောင်ရွက်ခွင့် ရလိုကြပါတယ်။ ဥပဒေရဲ့အရိပ်အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အေးအေးချမ်းချမ်းနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်ခွင့်ကို လိုလားမျှော်လင့်ကြပါတယ်။ ဒါကလည်း ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လူတိုင်းဟာ ကိုယ်စီဘဝ တိုးတက်ရာတိုးတက်ကြောင်း လုပ်ကြရမှာပါပဲ။ အခွင့်အလမ်းတွေ ဒီလောက်ဝေဆာပွင့်လန်းနေတဲ့ ဒီနေ့ အခြေအနေမျိုးမှာ ဘယ်သူကမှ ဥပဒေကို ဆန့်ကျင်ဖို့ ဆန္ဒမရှိကြပါဘူး။ ဥပဒေရဲ့ အကာအကွယ်ကိုယူပြီး ဥပဒေရဲ့ ထီးရိပ်အောက်မှာ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်နဲ့ အစွမ်းကုန်ကြိုးပမ်းပြီး အမြင့်ဆုံး အောင်မြင်မှုရယူဖို့ပဲ အားသန်ကြပါတယ်။ ဒီလိုမျိုးအခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်တွေအပေါ်မှာ တစ်ခဲနက်ထောက်ခံပြီး ရည်မှန်းထားတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်အောင် ချီတက်ကြဖို့ကိုပဲ မျှော်လင့်ကြပါတယ်။ ဒါကြောင့်လည်း ယနေ့ပြည်သူက ဆန့်ကျင်ဘက်အုပ်စုတွေ သွေးထိုးလှုံ့ဆော်သမျှကို နားမယောင်ဘဲ အမျိုးသားရေးဘက်က ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်သုံးသပ်မိသလောက် ဒီဆန္ဒ(၃)ရပ်ဟာ ဒီနေ့ ပြည်သူတိုင်းရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ဆန္ဒအစစ်အမှန်တွေပဲ ဖြစ်ပါတယ်။ အဲဒီဆန္ဒတွေကို လုံးဝပြီးပြည့်စုံအောင် မဟုတ်တောင် ရာခိုင်နှုန်းတော်တော်များများ ပြည့်ဝအောင် ဒီနေ့အစိုးရက လုပ်ပေးနေပါတယ်။ အစိုးရ ဘာတွေလုပ်ပေးနေတယ်ဆိုတာ အားလုံးအသိပဲမို့ အထူးမပြောလိုတော့ပါဘူး။ သို့သော် ခြုံပြီးပြောရရင် ယနေ့ ပြည်သူက တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ အစိုးရ၊ နိုင်ငံနဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သမျှ စွမ်းဆောင်ပေးနေတဲ့ အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးနေတဲ့ အစိုးရအဖြစ် တကယ်ကို ယုံကြည်ထောက်ခံကြပါတယ်။ အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တညီတညွတ်တည်း ကြိုးပမ်းချီတက်နေကြပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ရာခိုင်နှုန်းရဲ့ ထောက်ခံမဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးခဲ့ကြခြင်း ဖြစ်တယ်ဆိုတာ အထင်အရှားပါပဲ။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ရည်မှန်းချက်ပန်းတိုင်ဟာ အေးချမ်းသာယာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ဖြစ်ပါတယ်။ အေးချမ်းသာယာဆိုတဲ့ စကားရပ်ဟာ ပြည်သူ့ဆန္ဒ(၁)ကို ဖော်ညွှန်းသလို ခေတ်မီဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ စကားရပ်ကလည်း ပြည်သူ့ဆန္ဒ(၂)ကို ကိုယ်စားပြုထားပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်မယ်ဆိုတဲ့ စကားရပ်ကလည်း ပြည်သူ့ဆန္ဒ(၃)ကို ထင်ဟပ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ ပြည်သူအများစုရဲ့ လိုလားချက် ဆန္ဒ(၃)ရပ်ကို အလေးထား အကောင်အထည်ဖော်ပေးနေတဲ့ ပန်းတိုင်ဖြစ်တယ်လို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အနာဂတ်နိုင်ငံတော်ကို ပုံဖော်နေတဲ့လမ်းကြောင်းဟာ ပြည်သူ့ဆန္ဒနဲ့ ထပ်တူဖြစ်နေပြီဆိုတာ အထင်အရှား ဖော်ထုတ်တွေ့ရှိနိုင်ပါတယ်။

မူဝါဒလမ်းစဉ်(၇)ရပ်အနက် အဆင့်(၄) **လွန်မြောက်လို့ အဆင့်(၅)ကို ချီတက်နေတဲ့ ဒီနေ့လိုအချိန်မှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ဟာ ပို၍ပို၍ အရေးပါလာပါပြီ။ ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ မိမိနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကို နာခံကြရမှာပါ။ ဒါမှလည်း ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ အဆင့်(၄)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအားလုံးက တစ်ခဲနက်ထောက်ခံမဲနဲ့ အတည်ပြုပေးလိုက်ခြင်းဟာ ပြည်သူက မူဝါဒလမ်းစဉ်(၇)ရပ် အပေါ် ယုံကြည်အားပေး ထောက်ခံတယ်လို့ အတည်ပြုပေးလိုက်တာပါပဲ။ တစ်နည်းအားဖြင့် အားလုံးအတွက် ဒီမိုကရေစီအခွင့်အလမ်းကောင်းတစ်ရပ်ကို ပြည်သူက စတင်ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အားလုံးဆိုရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့သာမက ဆန့်ကျင်ဘက်အုပ်စုတွေလည်း အကျုံးဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဟာ အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်နေလို့ပဲ ဖြစ်ပါတယ်။**

ဒါ့အပြင် ပြည်သူလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ရောက်နိုင်ဖို့ အတူလက်တွဲလျှောက်လှမ်းကြရမယ့် အင်အားစုတွေအတွက် အမျိုးသားပြန်လည်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ ခုတင်၊ တွန်းလှည်းများနှင့် လမ်းလျှောက်လှည်း လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ ဒေါက်တာဟိန်းလတ်ဝင်းနှင့်ဒေါက်တာထားကြည်ဆန်း မိသားစုက ကလေးပြုစုရာတွင် အသုံးပြုရန်အတွက် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ ခုတင်၊ တွန်းလှည်းများနှင့် လမ်းလျှောက်လှည်းတို့ကို အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာအေးထံသို့ စက်တင်ဘာ၂၇ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်ဖို့၊ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်ပေါ်မှာ ပြန်လည်ပေါင်းစည်းမိကြစေဖို့ အခွင့်အလမ်းကောင်း အဖြစ်လည်း သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် ဆန့်ကျင်ဘက်များအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထားတယ်ဆိုရင် ပြည်သူဖွင့်ပေးတဲ့ အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်နိုင်ဖို့ အရေးကြီးနေပြီလို့ ပြောပါရစေ။

ယနေ့အချိန်ဟာ သူမှန်တယ်၊ ငါမှားတယ် ငြင်းခုံနေကြရမယ့်အချိန်မဟုတ်တော့ပါဘူး။ ငါ့ပါတီ အာဏာရရေးဆိုတဲ့ အာဏာမျက်နှာတစ်ခုတည်း ကြည့်ကြရမယ့် အချိန်လည်း မဟုတ်တော့ပါဘူး။ ဘယ်လိုမှ အဓိပ္ပာယ်မရှိတော့တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ဆိုတာကြီးကိုဖက်တွယ်ပြီး ဆီမန်း မန်းနေရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ နောက်ဆုံးပြောရရင် ပြည်သူက ဒီမိုကရေစီနည်းလမ်းတကျ အတည်ပြုပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ပါဘူး၊ အသိအမှတ်မပြုနိုင်ပါဘူးလို့ ပြည်သူ့ဆန္ဒကို ဖြောင်ကျကျ ငြင်းဆန်နေရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ အခြေအနေနဲ့ အချိန်အခါကို နားလည်တတ်ဖို့ လိုပါလိမ့်မယ်။

ပြောရရင် ယနေ့အစိုးရက ဒီမိုကရေစီလိုလားသလို ပြည်သူကလည်း ဒီမိုကရေစီကို လိုလားပါတယ်။ အလားတူ ဆန့်ကျင်ဘက်အုပ်စုတွေကလည်း ဒီမိုကရေစီကိုပဲ လိုလားတယ်လို့ တဖွဖွပြောခဲ့ကြတာ မဟုတ်လား။ ဒီတော့ လိုလားတာချင်း၊ တစ်နည်းအားဖြင့် ပန်းတိုင်ချင်းက ထပ်တူဖြစ်နေပါပြီ။ ပန်းတိုင်တူပြီဆိုရင် အဲဒီပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ ဘာကြောင့် မပေါင်းစည်းနိုင်ကြတာလဲ။ ဘာကြောင့် အတူလက်တွဲ ချီတက်ဖို့ ငြင်းဆန်နေကြရတာလဲ။ "သမဂ္ဂါနံ တပေါ သုခေါ" စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာအောင်မြင်ကြောင်း ဖြစ်ပါတယ်။ ဒီအချက်ကို ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ အလေးမူစေချင်ပါတယ်။

ဒီနေ့အချိန်ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းကောင်းတွေ ပြည့်လျှမ်းဝေဆာနေတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ ကျွန်တော် ပြောခဲ့သလို နှစ်ပေါင်း(၄၀)လုံးလုံး တာဝန်ပျက်ကွက်ခဲ့ကြလို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရတဲ့ ဘဝအခြေအနေကနေ သူများတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြဖို့ အခွင့်အလမ်းတွေ ပွင့်လန်းလာတဲ့ ယနေ့ကာလမှာ နှစ်ဆတိုးပြီး ကြိုးပမ်းကြဖို့လိုအပ်ပါတယ်။ ဒီလိုအခွင့်ကောင်းမျိုးကို လက်လွှတ်ခံပြီး ငါမှ ငါ၊ ငါ့ပါတီမှ ငါ့ပါတီ လုပ်နေကြမယ်ဆိုရင်တော့ ပြည်သူရဲ့ အနာဂတ်အိပ်မက်တွေကို နင်းချေဖျက်ဆီးရာရောက်ပါလိမ့်မယ်။ ဒါဆိုရင် ဘယ်ပြည်သူကမှ လက်ခံနိုင်မှာ မဟုတ်တာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒကို မျက်ကွယ်မပြုကြဖို့၊ အလေးထားကြဖို့ လိုပါတယ်။

ဒီနေ့အချိန်မှာ သူများနိုင်ငံအတော်များများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ကို အရှိန်အဟုန်နဲ့သွားနေကြတာ အားလုံးအသိပါပဲ။ အမှန်တကယ်လည်း ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ အာရှကျားတွေ အများကြီးဖြစ်လာနေပါပြီ။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ကလည်း အနာဂတ်အတွက် ညီညာဖြဖြ အားသွန်ကြိုးပမ်းနေကြရမယ့်အချိန် ရောက်နေပါပြီ။ လက်ရှိရောက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ မငြင်းမခုံ မဆန့်ကျင်ကြဘဲ အတူလက်တွဲ ကြိုးပမ်းသွားကြမှသာ တစ်ချိန်ချိန်မှာ သူတို့ကို မီပါလိမ့်မယ်။ အဲဒီလို မဟုတ်ဘဲ ငြင်းခုံနေတာ၊ ဆန့်ကျင်နေတာ၊ သွေးထိုးလှုံ့ဆော်နေတာနဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းတီးနေကြမယ်ဆိုရင်တော့ နိုင်ငံရဲ့အနာဂတ် ပျောက်သွားမှာ အမှန်ပဲစိုးရိမ်မိပါတယ်။

တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ အခိုင်အမာ တည်ဆောက်ရင်း အားလုံးလိုလားဆန္ဒရှိကြတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် လမ်းကြောင်းမှန်ပေါ်မှာ ဒီနေ့ ရောက်နေပြီဆိုတာ မမေ့စေလိုပါ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်သူ့အဆုံးအဖြတ်ကိုခံယူပြီး ပြည်သူနဲ့ တစ်သားတည်းဖြစ်စေမယ့် လမ်းကြောင်းသည်သာ အသင့်မြတ်ဆုံး ဖြစ်ပါလိမ့်မယ်။ ပြည်သူ ဘာပြောပြော ဒို့လုပ်ချင်တာ လုပ်မယ်ဆိုရင်တော့ အမှားသံသရာလည်နေဦးမှာပါပဲ။ ကိုယ်အာဏာရဖို့အတွက် ဒီနေ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေကို ပျက်ယွင်းအောင် အကောက်ကြံခလောက်ဆန်ဦးမယ်၊ ငြင်းခုံရန်ဖြစ်နေဦးမယ်ဆိုရင်တော့ အဲဒီလမ်းကြောင်းဟာ ဟိုယခင်တုန်းကလို ဆူပူအုံကြွမှုတွေ၊ မတည်ငြိမ် မအေးချမ်းမှုတွေကြားမှာ ကျီးလန့်စာစားနေရတဲ့ ဘဝမျိုးကို ပြန်ပြီးခြေလှမ်းနေတာပဲ ဖြစ်ပါလိမ့်မယ်။ ပြည်သူကို ဆင်းရဲနိမ့်ကျတဲ့ ဘဝမျိုးပြန်ရောက်အောင် ဆွဲချနေတဲ့ လုပ်ရပ်မျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားကိုပဲ ပြန်ပြီး ညွှန်းဆိုရတော့မှာပါပဲ။ ပြည်သူက အရင်လိုဘဝမျိုးကို လေသံတောင် မကြားချင်တော့ဘူးဆိုတာတော့ မမေ့စေလိုပါဘူး။

ပြည်သူ့ဆန္ဒကိုသာ လေးစားလိုက်နာတတ်မယ်ဆိုရင် ရှေ့ဆက်ရမယ့်ခရီးမှာ ပန်းမွေ့ရာနဲ့ ရွှေကော်ဇောက အသင့်ခင်းထားပြီးသားလို့ ဆိုရမှာပါ။ ပါတီတွေ ဖွဲ့ကြမယ်၊ ရှိပြီးသားပါတီတွေကလည်း ခိုင်မာအောင် ပြင်ဆင်ကြမယ်၊ ကိုယ့်ပါတီရဲ့ ရပ်တည်ချက်တွေ၊ မူဝါဒသဘောထားတွေကို ချပြပြီး မဲဆွယ်စည်းရုံးကြမယ်၊ ၂၀၁၀ပြည့်နှစ်မှာကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြမယ်၊ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်လာမယ်၊ ရရှိတဲ့ ဆန္ဒမဲပမာဏပေါ်မူတည်ပြီး ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းရဲ့ ရပ်တည်မှု ခိုင်မြဲရှင်သန်လာမယ်၊ ဒါဆိုရင် မကောင်းပေဘူးလားလို့ ကျွန်တော် တွေးမိတာပါပဲ။

ချုပ်ပြီးပြောရရင် ပြည်သူ့ဆန္ဒအစစ်အမှန်တွေကို ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဒါ့အပြင် အပြောနဲ့ အလုပ် ညီချင်တယ်ဆိုရင် ဒီမိုကရေစီ နည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကို လေးစားတန်ဖိုးထား လိုက်နာတတ်ဖို့လည်း ပြောခဲ့ပါတယ်။ အလားတူ **ယနေ့ တွေးခေါ်သုံးသပ်စဉ်းစားရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ စဉ်းစားတွေးခေါ်သုံးသပ်နိုင်ဖို့လည်း အကြံပြုခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံရေးလုပ်ကြရာမှာ နိုင်ငံနဲ့ ပြည်သူရဲ့ အကျိုးကို နံပါတ်(၁) ဦးစားပေးနေရာထားပြီးမှ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စုကိစ္စကို နံပါတ်(၂) နေရာထား စဉ်းစားသုံးသပ် ဆောင်ရွက်မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာပါ။** ကျွန်တော်ကတော့ ပြည်သူအားလုံးရဲ့ မျှော်လင့်ချက် မပျက်စေချင်သလို ပြည်သူအားလုံးရဲ့ ဆန္ဒတွေလည်း ပြည့်စေချင်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူအားလုံးထဲမှာ ကျွန်တော်လည်းပါတယ်၊ ခင်ဗျားလည်း ပါတယ်၊ ဆန့်ကျင်ဘက်ဆိုတဲ့ အုပ်စုတွေလည်း ပါပါတယ်။ အများအရေးကို ဦးစားပေးရင် ကိုယ့်အရေးဆိုတာလည်း ကျွဲကူးရေပါ ပြည့်ဝအောင်မြင်ပြီးဖြစ်မှာပါလို့ ဆိုချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နိုင်ငံရဲ့အနာဂတ် ပျောက်သွားမှာကို စိုးရိမ်မိတာ အမှန်ပါပဲ။ ။

မယ်လမင်းနှင့် နို့၊ နို့ထွက်ပစ္စည်းစားသုံးမှုသတိပြု

တင်ပြသူ - ဒေါက်တာချိုဝင်းမော် (စက်မှု-၁)

သမိုင်းအစကပင် လူတို့သည် ကျန်းမာရေးအထောက်အကူပြုရေး၊ ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် နွားနို့ကို သောက်သုံးခဲ့ကြသည်။ နွားနို့သည် အာဟာရပြည့်ဝသော၊ အရသာရှိသော အစားအသောက်ဖြစ်၍ လူသားတို့ ဆက်လက် စွဲစွဲမြဲမြဲသောက်သုံးနေမည်သာ ဖြစ်သည်။ နွားနို့မှ နို့မှုန့်၊ နို့စိမ်း၊ နို့ဆီ၊ ဒိန်ချဉ်၊ မလိုင်၊ ဒိန်ခဲစသော နို့ထွက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်စားသုံးခြင်း၊ နို့တော်ဖီ၊ နို့ဝေဖာ၊ ရေခဲချောင်း၊ ရေခဲမုန့်၊ နို့ချောကလက်၊ ဘီစကွတ်၊ နို့ပေါင်မုန့် စသော အစားအသောက်အမျိုးမျိုးတွင် ထည့်သွင်းသုံးစွဲခြင်းများလည်း ပြုကြပါသည်။ ၎င်းအပြင် ရင်သွေးငယ်အတွက် မိခင်နို့သည် အကောင်းဆုံးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ မတိုက်ကျွေးနိုင်သည့်အခါ နွားနို့မှပြုလုပ်သော နို့မှုန့်ကိုဖျော်၍ တိုက်ကျွေးကြသည်လည်းရှိသည်။

တိုင်းတာစစ်ဆေး

နွားနို့တွင် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေးအတွက် အဓိကအာဟာရဓာတ် ပရိုတိန်းကြွယ်ဝစွာ ပါရှိပါသည်။ နွားနို့၏ အရည်အသွေးကို ပရိုတိန်းပါဝင်မှုဖြင့် တိုင်းတာစစ်ဆေးကြသည်။ ပရိုတိန်းဓာတ်ကို တိုက်ရိုက်တိုင်းတာသည့် ကိရိယာများသည် ကုန်ကျစရိတ်ကြီးမား၍ နိုက်ထရိုဂျင်ဓာတ်ပါဝင်မှုကို တိုင်းတာပြီး တစ်ဆင့်ပြန်လည်တွက်ချက်ယူကြသည်။ ခေတ်မီတိုးတက်ပြီး ဓာတုဗေဒပစ္စည်းအမျိုးမျိုး ဈေးကွက်တွင်ပေါ်လာ၍ နွားနို့တွင် နိုက်ထရိုဂျင်ဓာတ်မြင့်တက်စေရန်အတွက် ဓာတုပစ္စည်းရောနှောထားမှုများလည်း တွေ့ရှိလာရသည်။

ယခု အချို့နိုင်ငံများတွင် တွေ့နေရသော ပြဿနာမှာ နိုက်ထရိုဂျင်ဓာတ် ဖိဖိရာခိုင်နှုန်းပါရှိသော မယ်လမင်း (Melamine)ကို ရေဖျော်ပြီး နွားနို့ထဲရောထည့်ခြင်းဖြင့် ပရိုတိန်းဓာတ်မြင့်မားစွာပါဝင်နေသည်ဟု ထင်မြင်ရအောင် ဖန်တီးကြခြင်းဖြစ်သည်။ အလွန်အန္တရာယ်များသော ကိစ္စဖြစ်သည်။ မယ်လမင်းသည် ဓာတုဗေဒဖွဲ့စည်းပုံအရ $C_3H_6N_6$ ဖြစ်၍ ရေတွင် အနည်းငယ်ပျော်ဝင်သည်။ ၁၈၃၄ခုနှစ်က စတင်ထုတ်လုပ်ခဲ့ပြီး ဖော်မယ်ဒီဟိုက် (Formaldehyde) နှင့်ပေါင်းပြီး ပလတ်စတစ်အဖြစ် အဓိကအသုံးပြုသည်။ သို့သော်လည်း မယ်လမင်း ပလတ်စတစ်ပန်းကန်ခွက်ယောက်များမှ အစားအသောက်များအတွင်းသို့ မယ်လမင်းပျော်ဝင်နိုင်သည်ကို သိရှိနေကြ၍ အသုံးနည်းလာသည်။

ကျောက်ကပ်

မယ်လမင်းကို စားသောက်မိပါက ခန္ဓာကိုယ်တွင်း ကျောက်ကပ်တွင် အနည်ကျပြီး ကျောက်တည်ခြင်း၊ ဆီး သွေးပါခြင်းမှ ကျောက်ကပ်ပျက်စီးခြင်းအထိ ဖြစ်စေသည်။ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သည်။ ယခုအခါ အချို့နို့မှုန့်များတွင် မယ်လမင်း ရောနှောပါဝင်နေမှုကြောင့် အဆိပ်သင့်ပြီး ကလေးငယ် ၅၄၀၀၀ခန့် ဆေးကုသမှုခံယူနေရပြီး လေးဦး သေဆုံးသည်ဟု ကြားသိရသည်။

အထောက်အထား

မယ်လမင်းပါဝင်မှုကို High Performance Liquid Chromotography, Gas Liquid Chromotography, Mass Spectrophotometry စသော အဆင့်မြင့်နည်းလမ်းများနှင့် တိုင်းတာရပြီး မယ်လမင်းအတွက် သီးသန့်ကော်လံများ၊ ဓာတုဗေဒပစ္စည်းများ လိုအပ်သည်။ စမ်းသပ်မှုကုန်ကျစရိတ် ကြီးမားသည်။ ယခုအခါ မယ်လမင်းကို အမြန်တိုင်းနိုင်သော Test Kit များပေါ်နေပြီ ဖြစ်သည်။ ထို့ကြောင့် နို့နှင့် နို့ထွက်ပစ္စည်းများ အန္တရာယ်ကင်းမှု ရှိ/မရှိကို သက်ဆိုင်ရာ ထုတ်လုပ်သူ တင်သွင်းသူများက မယ်လမင်းကင်းစင်ကြောင်း အထောက်အထားများ တင်ပြနိုင်မှသာလျှင် သုံးစွဲသင့်သည်။

မိခင်နို့

အရည်အသွေး အာမခံချက်မရှိသော နို့နှင့် နို့ထွက်ပစ္စည်းများ၊ နို့မှုန့်အများအပြား အသုံးပြုထားသော စားသောက်ကုန်ပစ္စည်းများကို သတိထားရှောင်ရှားသင့်ပါကြောင်း တိုက်တွန်းအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ထားသည့်အတိုင်း မိမိတို့၏ ရင်သွေးငယ်များကို မိခင်နို့သာ တိုက်ကျွေးသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

မျိုးပွားကျန်းမာရေး ပညာပေးဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

မျိုးပွားကျန်းမာရေးနှင့် ပတ်သက်သော အသိပညာ ဗဟုသုတများကို ပြည်သူများအား ဖြန့်ဝေပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော **"ခေတ်မီ ဆက်သွယ်ရေးနည်းပညာသုံး၍ မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်းဆိုင်ရာ သင်တန်း"** ဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၌ကျင်းပရာ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ခင်ပြုံးကြည်က အမှာစကား ပြောကြားသည်။

ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော အဆိုပါ သင်တန်းကို အောက်တိုဘာ၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သင်တန်းသား ၅၅ဦး တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် အင်္ဂါနေ့တိုင်း ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၅)တွင် မဟာဗန္ဓုလလမ်းနှင့်၃၆လမ်းထောင့်အနီး ဂိုဒေါင်တစ်လုံးပြိုကျ၊ဒေးဗစ်ဘက်ခမ်း ဗုဒ္ဓဘာသာဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့် ဘက်ခမ်း၏ မိတ်ဆွေကြီး မြန်မာနိုင်ငံသို့ လာရောက်ဟောပြောခဲ့၊ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှုဖြစ်ပွား၊ စူပါမားကက်နှင့် ကုန်တိုက်ကြီးများ ဆောက်လုပ်ပါက လမ်းအကျယ် ၁၂ပေ အနည်းဆုံးရှိရမည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလမ်းအတွက် တရုတ်က ဒေါ်လာ ၁၂၅သန်း ကူညီ၊ နို့မှုန့်ထဲက ကြောက်စရာ မယ်လမင်းအကြောင်း၊ ဈေးချိုအသစ်ကို အထပ် ၂၅ထပ်အထိ တည်ဆောက်မည်၊ ထက်ထက်မိုးဦးနှင့် အနဂ္ဂတို့ အမှန်တကယ်ကွာရှင်းလိုက်ကြပြီ၊ ထိုးဆေးအတုတစ်မျိုး ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိ၊ တောင်ကိုရီးယား၊ မြန်မာနှင့် အင်ဒိုနီးရှား သင်္ဘောသား ၁၇ဦး ပျောက်ဆုံးနေ၊ အပြစ်အနာအဆာကင်းစင်သည့် ၄၇၈ကရက်ရှိ စိန်ကြီး အာဖရိကတွင် တွေ့ရှိ၊ ဖားရွှေကျော်ရွာ ကုန်တင်သင်္ဘောရေးမြို့အနီး မုတ္တမပင်လယ်အတွင်း နစ်မြုပ်၊ အမျိုးသမီးနှစ်ဦး လက်ချက်နဲ့ အသက်ထွက်ခဲ့တဲ့ မြင်းခြံ ဆင်ရွတ်ရွာမှလူသတ်မှု၊ ဒေါက်တာမြင့်ဦး၏ Stroke (ခေါ်) လေဖြတ်ရခြင်းအကြောင်းအရင်း၊ သမီးရတနာဖွားမြင်သည့် လူမင်းတို့ဇနီးမောင်နှံ၊ ကျော်ဟိန်း၏ နောက်ဆုံးနှုတ်ဆက်ခြင်းခရီးစဉ်၊ အီရန်ကို လက်ဦးမှုရယူ တိုက်ခိုက်မည်ဟု မက်ကိန်း ပြောကြား၊ ဂျာမန်ကွန်မန်ဒိုတို့ လေယာဉ်အားစီးနင်းတိုက်ခိုက်၍ လူနှစ်ဦးအား ဖမ်းဆီး၊ ဂျက်အင်ဂျင်တပ် လူသား ၃၅ ကီလိုမီတာရှိတဲ့ ဒိုဗာအင်္ဂလိပ် ရေလက်ကြားကိုဖြတ်၍ ပျံသန်း၊ ဘုရှ်၏ သေနတ်ပြောင်းဝများ ပါကစ္စတန်ဘက်သို့ လှည့်ပြီလား၊ အမေရိကန် ရဟတ်ယာဉ်များ ပါကစ္စတန်စစ်တပ်များက ပစ်ခတ်၊ အီရန်၏ နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်လျှင် အီရတ်တစ်နိုင်ငံလုံးကို မီးရှို့သည်နှင့်တူမည် စသည်ဖြင့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ယနေ့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

စာရေးရာမှာလည်း တစ်ဦး ဆိုလိုတာကို တစ်ဦးနားလည်အောင် ရေးဖို့ဆိုတာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် ရေးတဲ့သူက အရေးအသားမှန်အောင်ရေးမှ ဖတ်တဲ့သူက မှန်မှန်ကန်ကန်နားလည်မှာပါ။ အရေးအသားမှန်ဖို့ဆိုရာမှာ ကဏ္ဍသုံးခုရှိပါတယ်။ အဲဒီကဏ္ဍသုံးခုက စာလုံးပေါင်း သတ်ပုံမှန်ဖို့၊ အသုံးအနှုန်းမှန်ဖို့နဲ့ ဝါကျဖွဲ့စည်းမှုမှန်ဖို့ပဲဖြစ်ပါတယ်။ မှန်သုံးမှန်ဆိုပါတော့၊ အဲဒီမှန်သုံးမှန်နဲ့အညီ မှန်မှန်ကန်ကန်ရေးတတ်ဖို့ ဆရာတွေက ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့ကြတယ်။ ဒါတွေကစာရေးတဲ့အလုပ်နဲ့ မကင်းနိုင်တဲ့ ကျွန်တော်တို့အားလုံး စာကိုမှန်အောင်ရေးတတ်ဖို့ ကျောင်းသားလူငယ်ဘဝကတည်းက သင်ယူလေ့ကျင့်ခဲ့ကြရတာပါ။

မေး။ ။ မြန်မာဖြစ်ပြီး မြန်မာစာကို မှန်အောင်မရေးတတ်ဖူးဆိုတဲ့ အသံမျိုးတွေလည်း ကြားနေရပါတယ်ဆရာ။

ဖြေ။ ။ ဟုတ်တယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မေးကြ၊ ရေးကြ၊ ထောက်ပြကြတာတွေလည်း ဖတ်ရ၊ ကြားရပါတယ်။ ဒါဟာ ဘယ်လိုမှ ကြားလို့မကောင်းတဲ့ကိစ္စပါ။ ဒါနဲ့ ပတ်သက်ပြီး ပြောရရင်"**မှန်သုံးမှန်**"ဆိုတဲ့နေရာမှာစာလုံးပေါင်းသတ်ပုံ မှန်ဖို့ဆိုတာ အခြေခံအကျဆုံးကိစ္စပါပဲ။ ဘာကြောင့် စာလုံးပေါင်းသတ်ပုံမှားရသလဲလို့စဉ်းစားကြည့်ရင် အသံတစ်သံကို ဖော်ပြနိုင်တဲ့ စာလုံးပေါင်းပုံ တစ်မျိုးမကနှစ်မျိုးသုံးမျိုးဆိုသလို ရှိနေတဲ့အတွက် ဘယ်စာလုံးပေါင်းနဲ့ ရေးရမှန်းမသိလို့ မှားကြတာတွေ့ရတယ်။ ဥပမာ "**ယ**"ပင့်ရမလား၊ "**ရ**"ရစ်ရမလား၊ "**တ**"သတ်ရမလား၊ "**ပ**" သတ်ရမလား၊"**ယ**"နဲ့ရေးရမလား၊ "**ရ**"နဲ့ရေးရမလား စတဲ့ ရေးထုံးတွေကို မသဲကွဲလို့မှားတာပါ။နောက်ပြီး နမူနာပြရရင် အခမ်းအနား ဖိတ်စာတွေမှာ "**နေ့လယ် ၂နာရီ**"ကို "**နေ့လည် ၂ နာရီ**"လို့ မှားရေးတာမျိုး၊ ဆိုင်းဘုတ်တွေမှာ "**အိမ်ရာ**"ကို "**အိမ်ယာ**"လို့ မှားရေးတာမျိုး အပြောစကားတွေမှာ "**ဘယ်ကလာသလဲ**"ကို "**ဘယ်ကလာသလည်း**"လို့ မှားရေးတာမျိုးတွေ အတွေ့ရများပါတယ်။ ဒါတွေကို ဂရုစိုက်ရေးသားသင့်ပါတယ်။

မေး။ ။ အသုံးအနှုန်းမှန်ကန်ဖို့နဲ့ ဝါကျဖွဲ့ပုံမှန်ဖို့လည်း လိုအပ်တာပေါ့နော် ဆရာ။

ဖြေ။ ။ မှန်တာပေါ့၊ အသုံးအနှုန်းမှန်ဖို့ ဆိုတာကလည်း မှားလေ့ရှိတာတွေကို မမှားအောင် သတိပြုဖို့ လိုပါတယ်။ "**က**"နဲ့ "**မှ**"၊ "**အား**" နဲ့ "**ကို**"မှားတာမျိုးတွေ အခုအတွေ့ရများပါတယ်။ "ဆရာကြီး**မှ** ဆုချီးမြှင့်နေစဉ်"တို့ "အခမ်းအနား**အား** ကျင်းပသည်"တို့ ဆိုတာမျိုးတွေပါပဲ။ ဝါကျဖွဲ့ပုံမှန်ဖို့လည်း လိုအပ်ပါတယ်။ ဝါကျထဲကပုဒ်တွေ နေရာအထားမှားရင် အဓိပ္ပာယ်လည်း လွဲသွားတတ်ပါတယ်။ အခမ်းအနားမှာ "ဆုချီးမြှင့်ပေးပါရန် ဥက္ကဋ္ဌအား ပန်ကြားအပ်ပါသည်"လို့ ပြောရမှာကို "ဥက္ကဋ္ဌအား ဆုချီးမြှင့်ပေးပါရန် ပန်ကြားအပ်ပါသည်"လို့ ပြောတော့ ဥက္ကဋ္ဌကိုပဲ တစ်ဦးဦးက ဆုချီးမြှင့်ရမလို အဓိပ္ပာယ်ပေါက်သွားတာဟာ ဝါကျဖွဲ့ပုံ နေရာမကျလို့ပါပဲ။ ဒါကြောင့် သတိပြု ရေးသားကြရမှာပါ။

မေး။ ။ ဒါဆိုရင် "**မှန်သုံးမှန်**"နဲ့ ညီညွတ်အောင် ဘယ်လိုလုပ်ရမလဲဆရာ။

ဖြေ။ ။ စာလုံးပေါင်းသတ်ပုံမှန်ဖို့ကတော့ အသံတူပြီး စာလုံးပေါင်းပုံကွဲတဲ့ စကားလုံးတွေကို ယှဉ်တွဲပြီး လေ့လာရင် ပိုပြီးမှတ်မိနိုင်ပါတယ်။ "**ကျင်-ကြင်-ကျဉ်-ကြဉ်**" ဆိုတဲ့ စာလုံးပေါင်းလေးမျိုးကို "**နာကျင်-ကြင်နာ-ထုံကျဉ်-ရှောင်ကြဉ်**" လို့ တွဲမှတ်ပုံမျိုးပေါ့။ ပြဋ္ဌာန်းစာအုပ်ကစပြီး ပုံနှိပ်စာအုပ်တွေဖတ်တဲ့အခါ စာလုံးပေါင်းတွေ သတိထားပြီး ဖတ်ရင်မှတ်မိသွားနိုင်ပါတယ်။ အသုံးအနှုန်းမှန်ဖို့နဲ့ ဝါကျဖွဲ့ပုံ မှန်ဖို့ဆိုတာကလည်း မှားတတ်တဲ့ အသုံးအနှုန်းတွေ၊ ဝါကျဖွဲ့ပုံတွေကို ဂရုပြုလေ့လာပြီး အဲဒီလိုမမှားအောင် သတိထားဖို့ပါပဲ။ အကောင်းဆုံးကတော့ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေထားတဲ့ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းရယ်၊ မြန်မာအဘိဓာန်ရယ်၊ မြန်မာသဒ္ဒါတွေရယ် လက်စွဲထားပြီး လေ့လာဖို့ပါပဲ။ ရုပ်မြင်သံကြားကထုတ်လွှင့်ပေးနေတဲ့ "**မြန်မာစာ မြန်မာစကား**"အစီအစဉ်တွေကို ဂရုပြု နားထောင်ရင်လည်း အထောက်အကူ ဖြစ်ပါလိမ့်မယ်။

မေး။ ။ ကျောင်းသားတွေ၊ လူငယ်တွေ မြန်မာစာမှန်အောင်ရေးဖို့အတွက် ဘယ်လိုများ လေ့လာသင့်ပါသလဲဆရာ။

ဖြေ။ ။ ကျောင်းသားလူငယ်တွေအတွက် မြန်မာစာကို မှန်အောင်ရေးတတ်ဖို့ ဆိုတာကတော့ စာဖတ်ဖို့လည်း လိုပါတယ်။ အရေးလေ့ကျင့်ဖို့လည်း လိုပါတယ်။ ဒီစကားဟာ ဘာမှမဆန်းသလို ထင်ရပေမယ့် တကယ် အရေးကြီးပါတယ်။ စာများများဖတ်ရင် စာထဲက "**မှန်သုံးမှန်**"ဟာ ကိုယ့်ဟာကိုယ်မသိလိုက်ခင် ကိုယ့်စိတ်ထဲကို တစိမ့်စိမ့်ဝင်လာပြီး စာရေးတဲ့အခါ အမှန်တွေကို သတိရလာအောင် ထောက်ကူပါလိမ့်မယ်။ ဒါကြောင့် မှတ်စုတွေ အလွတ်ကျက်ရုံလောက်နဲ့ မပြီးဘဲ ပြဋ္ဌာန်းစာအုပ်တွေနဲ့ လက်လှမ်းမီရာစာတွေကိုအာရုံစိုက်ပြီး ဖတ်ဖို့လိုပါလိမ့်မယ်။ အရေးလေ့ကျင့်ဖို့ ဆိုတာကလည်း အလွတ်ကျက်ထားတဲ့စာတွေကို ပြန်ချရေးတာမျိုးမဟုတ်ဘဲ ကိုယ်ပိုင်အရေးအသားနဲ့ ရေးသားလေ့ကျင့်ဖို့လိုပါတယ်။ တချို့လူငယ်တွေဝါကျတစ်ခုဖြောင့်အောင်မရေးတတ်ဖူးလို့ ပြောကြရတဲ့ အကြောင်းရင်းထဲမှာ ကိုယ်ပိုင်အရေးအသားနဲ့ရေးတဲ့ အလေ့အကျင့်မရှိဘဲ အလွတ်ကျက်ထားတာတွေသာ ပြန်ချရေးတဲ့ အလေ့အကျင့်ပဲများနေတော့ ကျက်ထားတာမဟုတ်ရင် လက်တွန့်ပြီး မရေးတတ်သလိုဖြစ်နေတာဟာ အဓိကအကြောင်းတစ်ခုပဲလို့ ထင်ပါတယ်။ အလွတ်ကျက်တဲ့အကျင့်ကိုလျှော့ပြီး ကိုယ်ပိုင်အရေးနဲ့ရေးတဲ့ အကျင့်အားကောင်းလာအောင် လေ့ကျင့်ပျိုးထောင်ဖို့လိုအပ်ပါတယ်။

မေး။ ။ သတိပြုသင့်တဲ့ အသုံးအနှုန်းလေးတွေလည်း ပြောပြပေးပါဦးဆရာ။

ဖြေ။ ။ မြန်မာဝါကျထဲမှာ အင်္ဂလိပ်စာလုံးတွေ ဖောက်ပြီးရေးတဲ့ ဝါကျမျိုးတွေ တော်တော်တွေ့နေရပါတယ်။ "ကွန်ပျူတာများကို အသုံးပြုရာတွင်" လို့ ရေးရာမှာ "**ကွန်ပျူတာ**"လို့ မြန်မာစာလုံးနဲ့ မရေးဘဲ "Computer"လို့ အင်္ဂလိပ်စာလုံး အတိုင်း ထည့်ရေးတာမျိုးပါ။ "**ဆယ်လူလာ**"၊ "**ပရင်တာ**"၊ "**အင်တာနက်**"စတဲ့ စကားလုံးတွေကိုလည်း အဲဒီလိုပဲ အင်္ဂလိပ်စာလုံး အတိုင်း ထည့်ရေးတတ်ကြတယ်။ မြန်မာဝါကျထဲမှာ အင်္ဂလိပ်စာလုံးတွေ ဖောက်ဝင်နေတာမျိုးဟာ တော်တော် အရုပ်ဆိုးတယ်။ မြန်မာဝါကျအသွင် ပျောက်သွားပါတယ်။ မူရင်းအင်္ဂလိပ်စာလုံးကိုသိစေချင်ရင် မြန်မာစကားလုံးရဲ့ဘေးမှာ ကွင်းနဲ့ ထည့်တာတို့၊ အောက်ခြေမှာပြတာတို့ လုပ်နိုင်ပါတယ်။ ခေတ်နဲ့အညီ အင်္ဂလိပ်စာလုံးအသစ်တွေ အများကြီးဝင်လာတာကို သိပါတယ်။ သုံးလည်း သုံးရမှာပါပဲ။ ဒါပေမယ့် အင်္ဂလိပ်စာလုံးအတိုင်းချည်းမထည့်ဘဲ မြန်မာစာလုံးနဲ့ အသံဖလှယ်ပြီးသုံးတာတို့၊ ဘာသာပြန်ပြီး သုံးတာတို့လုပ်ရင် မြန်မာ့မူမြန်မာ့ဟန် မပျက်ဘူးပေါ့။ အသစ်ဝင်လာတဲ့စကားလုံးတွေကို အသံဖလှယ်တဲ့အလုပ်၊ ဘာသာပြန်တဲ့ အလုပ်တွေကို သက်ဆိုင်ရာ ပညာရှင်တွေက ဆောင်ရွက်ပြီးစီးတဲ့အခါကျရင်တော့ အဲဒီပြဿနာတွေ ပြေလည်သွားမယ်လို့ထင်ပါတယ်"ဟု ပြောကြားသွားပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာစာကို မှန်အောင်ရေးတတ်ဖို့ ဆိုတာကတော့ စာဖတ်ဖို့လည်း လိုပါတယ်။ အရေးလေ့ကျင့်ဖို့လည်း လိုပါတယ်။ ဒီစကားဟာ ဘာမှမဆန်းသလို ထင်ရပေမယ့် တကယ်အရေးကြီးပါတယ်။ စာများများဖတ်ရင် စာထဲက "မှန်သုံးမှန်" ဟာ ကိုယ့်ဟာကိုယ် မသိလိုက်ခင် ကိုယ့်စိတ်ထဲကို တစိမ့်စိမ့်ဝင်လာပြီး စာရေးတဲ့အခါ အမှန်တွေကို သတိရလာအောင် ထောက်ကူပါလိမ့်မယ်။

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် ၂၀၀၈ပညာသင်နှစ် ပထမအသုတ်၊ဒုတိယအသုတ်နှင့် တတိယအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ် ထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၈ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၆ရက်မှ ၁၃ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဒုတိယအသုတ်

အလားတူ ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ၁၅ရက်မှ ၂၄ရက်အထိ၊ အတန်းတင် စာမေးပွဲများကို အောက်တိုဘာ၂၈ရက်မှ နိုဝင်ဘာ၄ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

တတိယအသုတ်

ထို့အတူ တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ရက်မှ ၁၇ ရက်အထိ၊ အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ၂၁ရက်မှ၂၉ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ကြေညာထား

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးပဒေသာပင်နှင့် ဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

မန္တလေးတိုင်း တောင်သာမြို့နယ် ဇဂျမ်းကန်မြဲကျေးရွာတွင်စက်တင်ဘာ ၁၃ရက်က ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဝါးများဝယ်ယူရန်အတွက် ဇဂျမ်းကျေးရွာနေ ဦးမိုး-ဒေါ်ဆိုင် မိသားစု၊ ဦးကျော်မင်း-ဒေါ်စန်းနွဲ့အေး မိသားစုတို့က ကျပ် ၁၀ သိန်းစီ၊ မြင်းခြံမြို့ စိန်ကမ္ဘာကားပိုင်ရှင် ဦးရှိန်-ဒေါ်သန်းမြင့် မိသားစု တောင်သာမြို့နယ်က ကျပ်ငါးသိန်း၊ ရန်ကုန်မြို့နေ ဦးဝင်းကြည် (ပါမောက္ခချုပ်-ငြိမ်း) မိသားစုက ကျပ်လေးသိန်း၊ တောင်သာမြို့နယ် ကျောင်းအိုရွာနေ ဒေါ်မူမူ မိသားစုတို့က ကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးကော်မတီ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဝါးများ၊ ဓာတ်ခွဲခန်း၊ သံဃာသီးသန့်ဆောင်၊ ဂါလန်၂၀၀၀ဆံ့ ရေလှောင်ကန် လိုအပ်လျက်ရှိရာ လှူဒါန်းလိုသူအဝေးရောက်ဒေသခံများ၊စေတနာရှင်များ ဦးသောင်းကြွယ် (အင်းစိန်) ဖုန်း-၀၁-၆၄၄၉၇၃၊ ၀၉-၅၀-၇၀၉၀၁၊ ဦးကျော်မင်း (ဇဂျမ်းရွာ) ၀၉-၂၂၁၆၅၂၇၊ဦးကျော်ဝမ်း (ဇဂျမ်းရွာ) ၀၆၆-၂၂၈၂၅နှင့် ဦးကျော်ဝင်း (ဇဂျမ်းရွာ)၀၆၆-၂၂၇၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၁၁၃)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရွှေတိဂုံစေတီပုံတူ ကမ္ဘာ့အကြီးဆုံးလိုဏ်ဂူစေတီတွင် ဘုရားဇီးမှလှူဒါန်းသော ပေါင် ၁၁၀ အလေးချိန်ရှိ စိန်ဖူးတော်ကိုတင်လှူပူဇော်မည်၊ ခွဲစိတ်ကုသမွေးဖွားရာ၌ ဇာတာဖွဲ့ အချိန်ရွေးခြင်းကို တွင်ကျယ်စွာအသုံးပြုလာ၊ ရွှေတိဂုံစေတီတော် ရင်ပြင်တွင်ထားရှိမည့် ကမ္ဘာ့အကြီးဆုံးစည်တော်ကြီးပြီးစီးတော့မည်၊ ကမ္ဘာ့အကြီးဆုံးငမိုးရိပ်မိကျောင်းများ မျိုးမသုဉ်းစေရေးဆောင်ရွက်နေ၊ မြန်မာ့သစ်ခွမျိုးစိတ်များ ပြည်ပဈေးကွက်၌ တွင်ကျယ်နေ၊ ဖားရွှေကျော်ရွာ ကုန်တင်သင်္ဘော နစ်မြုပ်မှုတွင် ဆုံးရှုံးသွားသော ကုန်ပစ္စည်းများအတွက် မြန်မာ့အာမခံက ငွေကျပ်သန်း၆၀၀ခန့်လျော်ကြေးပေးမည်၊ မုန်တိုင်းကြောင့် ပင်လယ်ထဲ၌ တကွဲတပြားစီမျောပါသွားပြီး ပျဉ်တစ်ချပ်တည်း၌ ပြန်လည်ဆုံစည်းခဲ့ကြသည့် ဇနီးမောင်နှံ၏ဖြစ်ရပ်ဆန်း၊ အကယ်ဒမီလူမင်း သမီးလေးရဲ့ ဖေဖေဖြစ်သွားပြီ၊ တစ်ကိုယ်တည်းပြန်ဖြစ်သွားသည့် ထက်ထက်မိုးဦးနှင့် လတ်တလောတွေ့ဆုံခြင်း၊ ထူးခြားဆန်းသစ်သော တင်ဆက်မှုများဖြင့် ညိုမင်းလွင်၏ အနုပညာသက်တမ်း (၁၀)နှစ်ပြည့်ကျင်းပ၊ ကမ္ဘာ့ကုန်သွယ်ရေး စင်တာတည်ဆောက်ရာနေရာ၌ တစ်ချိန်ကရေခဲမြစ်ရှိခဲ့၊ တရုတ်နို့မှုန့်အဆိပ်အတောက်ဖြစ်သည့်ကိစ္စ အမျှင်မပြတ်သေး၊ မီလျံနာတစ်ဦးက သရဲခြောက်သည်ဆိုသော ဒေါ်လာရှစ်သန်းတန်အိမ်ကြီးကို ဘဏ်သို့အပ်နှံ၊ အဆောက်အအုံ အမြင့်ကြီးမှ နာရီပေါင်း ၆၀ ကြာ ဇောက်ထိုးတွဲလောင်းဆွဲလျက်နေပြသူ၊ မိမိ၏နှလုံးသားအစစ်ကို ပြပွဲအတွက် လှူဒါန်းခဲ့သည့် ဖြစ်ရပ်ကို ထုတ်ဖော်ပြောကြားသူ၊ ဂျက်အင်ဂျင် တောင်ပံတပ်လူသားက အင်္ဂလန်ရေလက်ကြားကို ဖြတ်ကျော်ပျံသန်းပြ၊ တရုတ်အာကာသယာဉ်မှူးများ ပထမဆုံးအကြိမ် အာကာသထဲ၌လမ်းလျှောက်၊ ပင့်ကူကမြွေကိုဖမ်းစား၊ ကမ္ဘာ့အရုပ်အရှည်ဆုံးလူသား ဖခင်ဖြစ်တော့မည်၊ ဆိုမာလီ ပင်လယ်ဓားပြများက တင့်ကား၃၃စီး တင်ဆောင်ထားသည့် ယူကရိန်းသင်္ဘောကို တိုက်ခိုက်သိမ်းယူ၊ ရုပ်မြင်သံကြားစက်ထဲက တကယ့်လူသား စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောဖုံးမှ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ လေးပွဲကို ယှဉ်ပြိုင်ရန်ရှိနေပြီး အဆိုပါပြိုင်ပွဲများမှာ အောက်တိုဘာ ၁ရက်(**မနက်ဖြန်**)မှ ၅ရက်အထိ ကျင်းပမည့် ဟိုချီမင်းစီးတီးဖလားပြိုင်ပွဲ၊ အောက်တိုဘာ ၁၅ရက်မှ ၂၅ရက်အထိ ကျင်းပမည့် အကြိမ်(၄၀)မြောက် မာဒေးကားဖလားပြိုင်ပွဲ၊ နိုဝင်ဘာ၉ရက်မှစတင်၍ ရန်ကုန်မြို့တွင် ကျင်းပမည့် တတိယအကြိမ် Grand Royal Challenge Cup ပြိုင်ပွဲနှင့် ဒီဇင်ဘာ ၅ရက်မှ ၂၈ရက်အထိ ကျင်းပမည့် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲများဖြစ်ကြသည်။ မြန်မာအသင်းယှဉ်ပြိုင်ပြီးသော ပြိုင်ပွဲများမှာ ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၁၃ရက်အထိ အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော AFC Challenge Cup ပြိုင်ပွဲနှင့် ဩဂုတ် ၂၂ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သော အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲတို့ဖြစ်ပြီး ပြိုင်ပွဲနှစ်ခုစလုံး၌ အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိခဲ့သည်။

နည်းပြချုပ်

နည်းပြချုပ် မားကိုစ် အန်တိုနီယို ဖလော်ပါ

အများဆုံး

မြန်မာအသင်း၏ နိုင်ငံတကာပြိုင်ပွဲများအား ဝင်ရောက်ယှဉ်ပြိုင်မှုကို ၂၀၀၀ပြည့်နှစ်မှစ၍ ရေတွက်ကြည့်လျှင် ယခုနှစ်မှာ အများဆုံးဖြစ်လာမည်ဖြစ်သည်။ ၂၀၀၀ပြည့်နှစ်မှစ၍ သက်တန်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမဟုတ်ဘဲ မြန်မာ့လက်ရွေးစင်အသင်း၏ ပြိုင်ပွဲယှဉ်ပြိုင်မှုများကို ဖော်ပြရလျှင် ၂၀၀၀ပြည့်နှစ်တွင် သုံးပွဲ၊ ၂၀၀၁ခုနှစ်တွင် မရှိ၊ ၂၀၀၂ခုနှစ်တွင် နှစ်ပွဲ၊ ၂၀၀၃ခုနှစ်တွင် နှစ်ပွဲ၊ ၂၀၀၄ခုနှစ်တွင် နှစ်ပွဲ၊ ၂၀၀၅ခုနှစ်တွင် တစ်ပွဲ၊ ၂၀၀၆ခုနှစ်တွင် သုံးပွဲနှင့် ၂၀၀၇ခုနှစ်တွင် နှစ်ပွဲတို့ ဖြစ်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများကို AFC Challenge Cup ပြိုင်ပွဲမှအစပြုခဲ့ပြီး အာဆီယံဆူဇူကီးဖလားပြိုင်ပွဲဖြင့် ပြီးဆုံးမည်ဖြစ်သည်။ ၂၀၀၇ခုနှစ်တွင် မြန်မာအသင်းကို (၃၉)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ဘရာဇီးလ်လူမျိုးနည်းပြ မားကိုစ်အန်တိုနီယိုဖလော်ပါကသာ နည်းပြချုပ်အဖြစ်ဆောင်ရွက်လျက်ရှိပြီး လက်ထောက်နည်းပြများအဖြစ် ဦးဉာဏ်ဝင်း၊ ဦးဇော်ဝင်းထွန်းနှင့် ဦးမျိုးချစ်တို့က ကိုင်တွယ်လျက်ရှိသည်။

မြန်မာအသင်းကို ဒုတိယသက်တမ်းအဖြစ် ကိုင်တွယ်ရန်အတွက် မားကိုစ်အန်တိုနီယိုဖလော်ပါသည် ဖွန်လအတွင်းက ပြန်လည်ရောက်ရှိခဲ့ပြီး ၄င်းရောက်ရှိပြီးနောက် လေးပွင့်ဆိုင်ခြေစမ်းပွဲကျင်းပကာ ပဏာမကစားသမား ၃၀ကျော်ကို ရွေးချယ်ပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် စတင်ပြင်ဆင်ခဲ့သည်။ ယင်းပဏာမကစားသမား ၃၀ကျော်ထဲမှပင် ပြိုင်ပွဲများအတွက် ရွေးချယ်ကာပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး လာမည့်ပြိုင်ပွဲများကိုလည်း ယင်းကစားသမားများထဲမှပင် ရွေးချယ်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအသင်း ပထမဦးဆုံးယှဉ်ပြိုင်မည့် ဟိုချီမင်းစီးတီးဖလားပြိုင်ပွဲ

ယခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် တတိယမြောက်ပြိုင်ပွဲဖြစ်ပြီး ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်မှ ဗီယက်နမ်အသင်း အာဆီယံဆူဇူကီးပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် ရည်ရွယ်ကျင်းပသည့်ပြိုင်ပွဲလည်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အောက်တိုဘာ ၁ရက်မှ ၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တာ့ခ်မင်နစ္စတန်၊ ဗီယက်နမ်နှင့် ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ နှစ်သောင်းခွဲ၊ ဒုတိယဆု အမေရိကန်ဒေါ်လာ တစ်သောင်းခွဲနှင့် တတိယဆု အမေရိကန်ဒေါ်လာ ငါးထောင် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာအသင်းတွင် နည်းပြချုပ် မားကိုစ်အန်တိုနီယိုဖလော်ပါ၊ လက်ထောက်နည်းပြ ဦးဉာဏ်ဝင်းနှင့်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးသမား အောင်အောင်ဦး၊ ညီညီလွင်၊ နောက်တန်း-မိုးဝင်း၊ သူရအောင်၊ ခင်မောင်လွင်၊ အေးဆန်း၊ ကျော်ခိုင်ဝင်း၊ ဟန်ဝင်းအောင်၊ မင်းသူ၊ အလယ်တန်း-ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ ဇော်ထက်အောင်၊ အောင်မျိုးသန့်၊ အောင်ကျော်မိုး၊ ရှေ့တန်း-စိုးမြတ်မင်း၊ ထွန်းမင်းဦး၊ ကျော်သီဟနှင့် ရန်ပိုင်တို့ပါဝင်ကြသည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁ရက်တွင် အိမ်ရှင်ဗီယက်နမ်၊ ၃ရက်တွင် တာ့ခ်မင်နစ္စတန်အသင်း၊ ၅ရက်တွင် ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အစဉ်အလာမသေးသည့် မာဒေးကားဖလားပြိုင်ပွဲ

မာဒေးကားဖလားပြိုင်ပွဲမှာ မြန်မာအသင်း၏ အောင်မြင်မှုများရယူနိုင်ရာ ပြိုင်ပွဲတစ်ခုဖြစ်ပြီး ချန်ပီယံဆု လေးကြိမ်(ပူးတွဲ တစ်ကြိမ်အပါအဝင်)၊ ဒုတိယလေးကြိမ်ရရှိထားကာပြိုင်ပွဲတစ်လျှောက် မလေးရှားနှင့်တောင်ကိုရီးယားတို့ပြီးနောက် တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာအသင်းသည် ၂၀၀၆ခုနှစ်တွင် ပြန်လည် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ယင်းနှစ်မှာပင် အင်ဒိုနီးရှား ကိုအနိုင်ယူပြီး ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။

မြန်မာအသင်းချန်ပီယံဆုရရှိခဲ့သည့်နှစ်များမှာ ၁၉၆၄ခုနှစ်၊ ၁၉၆၇ခုနှစ် (တောင်ကိုရီးယားနှင့်ပူးတွဲ)၊ ၁၉၇၁ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့ဖြစ်ကြသည်။ မာဒေးကားပြိုင်ပွဲကို မြန်မာအသင်းသည် ၂၀၀၆ခုနှစ်တွင် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းနှစ်မှာပင် အင်ဒိုနီးရှားကိုအနိုင်ယူပြီ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ်တွင် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး ယခုယှဉ်ပြိုင်ရတော့မည့် အကြိမ်(၄၀)မြောက် မာဒေးကားဖလားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ဟိုချီမင်းစီးတီးဖလားပြိုင်ပွဲကိုလည်း မာဒေးကားဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းရမည့်

Grand Royal Challenge Cup

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် IBTC Co.,Ltd. တို့ပူးပေါင်း၍ Grand Royal Challenge Cup ပြိုင်ပွဲကို ၂၀၀၅ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်ပြိုင်ပွဲကို နိုဝင်ဘာ ၉ရက်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အရှေ့တောင်အာရှဒေသတွင်းနှင့် အာရှနိုင်ငံအချို့ကို ဖိတ်ကြားထားပြီး အင်ဒိုနီးရှားလက်ရွေးစင်၊ မလေးရှား ယူ-၂၃ ဗီယက်နမ်အိုလံပစ်အသင်း၊ ကိုရီးယားကလပ်(ဟွန်ဒိုင်း)အသင်း၊ ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်းတို့ အကြောင်းပြန်ထားပြီးဖြစ်သည်။ ဟွန်ဒိုင်းအသင်းမှာ လက်ရှိ ကိုရီးယား Pro-league တွင် ဦးဆောင်နေသော အသင်းဖြစ်သည်။ ၂၀၀၅ခုနှစ် ပထမအကြိမ်ပြိုင်ပွဲကို အောက်တိုဘာ၂၇ရက်မှ နိုဝင်ဘာ၂ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မြန်မာယူ-၂၃အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ တရုတ် ယူ-၂၀အသင်းနှင့် အိန္ဒိယ ယူ-၂၀အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲတွင် မြန်မာယူ-၂၃အသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အကောင်းဆုံးဘောလုံးသမားဆုနှင့် ဂိုးသွင်းအများဆုံးဆုကို ရန်ပိုင်က ရရှိခဲ့သည်။ ၂၀၀၆ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲကို မန္တလေးမြို့တွင် ဒီဇင်ဘာ ၁၇ရက်မှ ၂၄ရက်အထိ ကျင်းပခဲ့ပြီး

မြန်မာဘောလုံးအဖွဲ့ချုပ်နှင့် IBTC Co.,Ltd. တို့ ပူးပေါင်း၍ Grand Royal Challenge Cup ပြိုင်ပွဲကို ၂၀၀၅ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်ပြိုင်ပွဲကို နိုဝင်ဘာ ၉ရက်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်း၊ မြန်မာယူ-၂၃အသင်း၊ အင်ဒိုနီးရှား ယူ-၂၃အသင်းနှင့် မလေးရှား ယူ-၂၃အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲတွင် မြန်မာ့လက်ရွေးစင်နှင့် မြန်မာ ယူ-၂၃အသင်းတို့ပြန်လည်တွေ့ဆုံကြရာ မြန်မာ့လက်ရွေးစင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ အကောင်းဆုံးဆုကို ရာဇာဝင်းသိန်း (ယူ-၂၃)နှင့် ဂိုးသွင်းအများဆုံးဆုကို စိုးမြတ်မင်း(လက်ရွေးစင်)တို့က ရရှိခဲ့သည်။ ယခုပြိုင်ပွဲကိုမူ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအနေဖြင့် လက်ရှိချန်ပီယံမြန်မာ့လက်ရွေးစင်အသင်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



လေ့ကျင့်

နောက်ခံလူ အေးဆန်း ပယ်နယ်တီ ကန်သွင်း လေ့ကျင့်နေစဉ်။

ပထမဦးဆုံး အောင်မြင်မှုကိုရှာဖွေရမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ

ယခုပြိုင်ပွဲကို ၁၉၉၆ခုနှစ် ပထမအကြိမ်မှ ၂၀၀၄ခုနှစ် ပဉ္စမအကြိမ်ပြိုင်ပွဲအထိ တိုက်ဂါးဖလားပြိုင်ပွဲဟု ခေါ်တွင်ခဲ့ပြီး ၂၀၀၆ခုနှစ် ဆဋ္ဌမအကြိမ်တွင် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲဟု ပြောင်းလဲကာ ယခုဆူဇူကီးကုမ္ပဏီမှ စပွန်ဆာပေးထားသောကြောင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲဟု အမည်ပြောင်းကာ ကျင်းပတော့မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ဒီဇင်ဘာ ၅ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲ ပွဲစဉ်များကို အောက်တိုဘာ ၁၇ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် ဖိလစ်ပိုင်၊ တီမော၊ ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်းတို့ ငါးသင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်း ခြေစစ်ပွဲအောင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မြန်မာနှင့် ခြေစစ်ပွဲ၌ ဒုတိယဆုရအသင်း၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့်ခြေစစ်ပွဲ၌ ပထမဆုရအသင်းတို့ ပါဝင်ကြသည်။ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲတို့ကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ ပြီးခဲ့သည့် ခြောက်ကြိမ်တွင် ၂၀၀၄ခုနှစ် ပဉ္စမအကြိမ်ပြိုင်ပွဲတွင်သာ အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခဲ့ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဝန်ကြီး Mr.Youn Ho Lee အား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကိုရီးယားသမ္မတနိုင်ငံမှပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ စက်တင်ဘာ၂၁ရက်မှ ၂၆ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ စက်မှုဆိုင်ရာကိစ္စရပ်များလေ့လာရေးခရီး သွားရောက်ခဲ့ပြီး စက်တင်ဘာ၂၆ရက် ညနေပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံဆွေးနွေး

ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ၂၂ရက် နံနက်ပိုင်းတွင် ဒေဝူးကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. IL Pyo Lee ဦးဆောင်သည့်အဖွဲ့နှင့် ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Korea Development Institute မှ ပါမောက္ခ Mr. Sang-Woo Nam နှင့် စက်မှုသင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ၂၃ရက်နံနက်ပိုင်းတွင် သံအမတ်ကြီး ဦးမျိုးလွင်နှင့်အတူ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဥက္ကဋ္ဌ Mr. Park Dae-Won နှင့် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Korea Engineering & Consulting Association မှ ဥက္ကဋ္ဌ Mr. Hwang Su Yu ခေါင်းဆောင်သည့် အဖွဲ့နှင့်စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ညနေပိုင်းတွင် Korea Chamber of Commerce and Industry ၏ စက်မှုသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာရာ Director-General, Mr.Lee Kyang-rong က ရှင်းလင်းပြသသည်။ ထို့နောက် ဝန်ကြီးသည် အဆိုပါသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်လျက်ရှိသည့် အမှတ်(၂)စက်မှုဝန်ကြီး ဌာနမှ မြန်မာသင်တန်းသားများအား တွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

ရှင်းလင်းပြသ

ဝန်ကြီးသည် စက်တင်ဘာ၂၄ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၌ ဝန်ကြီး Mr. Youn Ho Lee နှင့် နှစ်နိုင်ငံစက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် Samsung Electronics Co. ၌ လေ့လာရာ ဒုတိယဥက္ကဋ္ဌ Mr. Kim Jin Ho က Samsung Co.,Ltd မှ ထုတ်လုပ်သည့် အလုပ်ရုံများကို လိုက်လံ ရှင်းလင်းပြသသည်။

လေ့လာ

ဝန်ကြီးသည် စက်တင်ဘာ၂၅ရက် နံနက်ပိုင်းတွင် POSCO ကုမ္ပဏီ၏ သံနှင့်သံမဏိထုတ်လုပ်မှု စက်ရုံကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် Hyundai Motors ကုမ္ပဏီ၏ မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံကိုလည်းကောင်း၊ ညနေပိုင်းတွင် Hyundai Heavy Industries ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဟိုချီမင်းစီးတီးဖလား ဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံတွင် အောက်တိုဘာ ၁ရက်မှ ၅ရက်အထိကျင်းပမည့် ဟိုချီမင်းစီးတီးဖလား ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက် ၉နာရီ ၄၅မိနစ်ကရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲကို အိမ်ရှင်ဗီယက်နမ်အသင်း၊ မြန်မာအသင်း၊ တာ့ခ်မင်နစ္စတန်အသင်း၊ ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ မြန်မာအသင်းသည် အောက်တိုဘာ၁ရက်(**မနက်ဖြန်**)တွင် ဗီယက်နမ်၊ ၃ရက်တွင် တာ့ခ်မင်နစ္စတန်၊ ၅ရက်တွင် ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင် မိုင်းဆတ်မြို့မှ ရော်ဘာစိုက်ခင်းအတွင်း ကြားညှပ် သီးနှံအဖြစ် စိုက်ပျိုးထားသည့် ခေါက်ပြန့်တောင် ယာစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းဆတ်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၂၇ရက် နံနက်ပိုင်းက တာချီလိတ်-မိုင်းဆတ် ကားလမ်းပိုင်း အခြေအနေများနှင့် လမ်းပိုင်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ဖြစ်ထွန်းအောင်မြင်နေသည့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်မြို့ ရန်ကြီးအောင်ခန်းမ၌ မိုင်းဆတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းဆတ်မြို့ ဘုရင့်နောင်ရိပ်သာ၌ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးအိုက်လောက်နှင့်အဖွဲ့အား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး အားကစားပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းဆတ်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ သင်တန်းကျောင်းသူလေးများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်သည်။

စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့ရှိ ဒေသခံတိုင်းရင်းသားဦးရဲလော၏ ရွှေမြေပျားလိမ္မော်ခြံအတွင်း စိုက်ပျိုးထားရှိသည့် ပျားလိမ္မော် ၂၅ဧက စိုက်ခင်း၊ ရော်ဘာစိုက်ခင်းအတွင်း ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးထားသည့် ခေါက်ပြန့်တောင်ယာစပါး ခုနစ်ဧကစိုက်ခင်းနှင့် ရော်ဘာ ၃၅ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုင်းဆတ်မြို့ ဒေသခံတိုင်းရင်းသား ဦးခတ္တိယ၏ ရွှေပျားလိမ္မော်ခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့နယ်၌ ကျန်းမာရေး ပညာပေး

မြစ်ကြီးနား စက်တင်ဘာ ၂၉

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ဆေးကုသခြင်းတို့ကို စက်တင်ဘာ ၁၈ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သန်းသန်းနွယ်က အမှာစကားပြောကြားသည်။ ထို့နောက် မြစ်ကြီးနားမြို့နယ် ကျန်းမာရေးမှူးဒေါက်တာရဲကျော်အောင်က ကျန်းမာရေးအသိပညာ ပေးဟောပြောပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးဆောင်ရွက်ပုံကို လက်တွေ့သရုပ်ပြသခဲ့သည်။

ကြည့်ရှုအားပေး

ထို့နောက် နာယက ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များက ကျောင်းသန့်ရှင်းရေးသုံးပစ္စည်းများနှင့် ကျောင်းဈေးဆိုင်များတွင်အသုံးပြုရန် လက်အိတ်များကို ထောက်ပံ့ပေးအပ်ပြီး မြို့နယ်ကျန်းမာရေးမှူးနှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ယာမြေမှလယ်မြေပြောင်း၍ စပါးတိုးချဲ့စိုက်ပျိုးရာတွင် သဘာဝမြေဩဇာအသုံးပြု အထွက်ကောင်းသီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် စက်တင်ဘာ ၂၂ရက် နံနက် ၈နာရီက ပုဂံညောင်ဦး မြို့နယ် မြကန်ရေလှောင်တမံ ရေဝင်ရောက်မှု အခြေအနေကိုလည်းကောင်း၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စခန်း အမှတ်(၇)နှင့် အမှတ်(၆)တစ်ဝိုက်၌ မိုးစပါးစိုက်ပျိုး ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရေတင်စခန်းအမှတ်(၅)၏ ရေပေးမှုနှင့် မိုးစပါးစိုက်ပျိုးမှု၊ ရေတင်စခန်းအမှတ်(၄)မှ အမှတ်(၁) အတွင်း စိုက်ပျိုးဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ယာမြေမှလယ်မြေ ပြောင်းလဲစိုက်ပျိုးရန် အကွက်ဖော်ထားမှုတို့ကို ကြည့်ရှုပြီး ရှင်းလင်းဆောင်၌ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဒေသတွင် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်မှုကြောင့် မိုးစပါးသာမက နွေစပါးကိုပါ ဧက၅၀၀၀ကျော် စိုက်ပျိုးလာနိုင်မှု၊ ဒေသဆန်ဖူလုံရေးနှင့် ဈေးကွက်ဝင် အထွက်နှုန်းကောင်း စပါးမျိုးများစိုက်ပျိုးရေး၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် ဝါစိုက်တောင်သူများအား တစ်ဧကလျှင် ပိဿာ ၁၆၀၀ထွက်နိုင်သည့် ငွေချည်(၆)ဝါ မျိုးသစ်များ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးရန် မှာကြားပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဧရာဝတီမြစ်မှရေတင်စက်များဖြင့် ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့နယ် စလေဒေသရှိ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ဧရာဝတီမြစ်မှ ရေတင်နေသည့် ရေတင်စက်နှင့် ရေငြိမ်ကန်၊ ရေပေးမြောင်းတို့မှ ရေပေးမှုနှင့် မော်တော်ကားလမ်းတစ်လျှောက် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီး မိုးစပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ တိုင်းနှင့်ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ဒေသဆန်ဖူလုံရေး၊ ယာမြေမှလယ်မြေပြောင်း၍ စပါးတိုးချဲ့စိုက်ပျိုးရာတွင် သဘာဝမြေဩဇာအသုံးပြုရေး၊ အထွက်ကောင်းသည့် သီးနှံမျိုးများပြောင်းလဲစိုက်ပျိုးရေး၊ တောင်သူများတွက်ခြေကိုက်သည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားကြသည်။

စိုက်ပျိုးပြီး

မကွေးတိုင်းတွင် ဆည်ရေလှောင်တမံ၊ လျှပ်စစ်မြစ်ရေတင်၊ ဆည်ငယ်ကန်ငယ်၊ ရေစုပ်စက်နှင့်မြေအောက်ရေဖြင့် မိုးစပါး စုစုပေါင်း ၉၃၂၀၉၆ ဧက စိုက်ပျိုးရန်လျာထားရာ ယခုအခါ ၈၃၇၉၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေပြည်သာမြို့နယ်ရုံးတွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲကို စက်တင်ဘာ၂၃ရက် နံနက် ၁၁နာရီက မြို့နယ်ရုံးရုပ်သံခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူ(**အပေါ်ပုံ**)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက်ဖွဲ့စည်းရေး၊ စီမံခန့်ခွဲရေး၊ မျိုးတူစုနှင့်စာပေပစ္စည်း ထိန်းသိမ်းနည်းပညာရပ်များကို ဆွေးနွေးပို့ချသည်။

တက်ရောက်

ယင်းသင်တန်းသို့ ရပ်ကွက်၊ကျေးရွာ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်သင်တန်းသား သင်တန်းသူ၇၁ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၂၇ ရက်က လှိုင်သာယာ မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၀၇-၂၀၀၈ပညာ သင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာ ရည် ချွန် ဆုပေးပွဲကျင်းပရာ လေးဘာသာဂုဏ်ထူး ရ ကျောင်းသူတစ်ဦး အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင် ဦးကြည်က ဆုချီးမြှင့် စဉ်။ (ပညာရေး)

ရွှေကူကျေးလက်လမ်း စစ်ဆေး

ရွှေကူ စက်တင်ဘာ ၂၉

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီသည် စက်တင်ဘာ ၁၀ရက်က ရွှေကူ-သိန်းဟွန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းနိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ်ဖလားကာကွယ်ဖို့ ထိုက်တန်တဲ့ခြေစွမ်းရှိတယ်

ဖာဂူဆန်

လက်ရှိချန်ပီယံအသင်းကို အိမ်ကွင်းမှာ အနိုင်ကစားရမှာပဲ

ဘရရော့ချ်

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇော်ထွန်းဦး စာမျက်နှာဖွဲ့စည်းသည်

အားလ်ဘော့အသင်း နည်းပြ ဘရ ရော့ချ် နှင့် မန်ယူ နည်းပြ ဖာဂူဆန်။ (အင်တာနက် ဓာတ်ပုံ)

လန်ဒန် စက်တင်ဘာ ၂၉

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များကို ဆက်လက်ကစားမည်ဖြစ်ရာ အုပ်စု(င)မှ ဒိန်းမတ်ကလပ် အားလ်ဘော့အသင်းနှင့် မန်ယူအသင်းတို့ အားလ်ဘော့ကွင်း အင်ရာဂီနော့ဒ်အရီနာ၌ စက်တင်ဘာ၃၀ရက် (မြန်မာစံတော်ချိန် အောက်တိုဘာ၁ရက် နံနက် ၁နာရီ ၁၅မိနစ်)၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရှိ ချန်ပီယံမန်ယူအသင်းသည် အုပ်စုပထမပွဲစဉ်၌ ဗီလာရီးရဲကို သရေပွဲဖြစ်ခဲ့သလို အားလ်ဘော့အသင်းကလည်း အဖွင့်ပွဲစဉ်၌ ဆဲလ်တစ်နှင့် သရေပွဲဖြစ်ခဲ့သည်။

အားလ်ဘော့နည်းပြ ဘရရော့ချ်သည် ပရီမီယာလိဂ်၌ ကစားသမားဘဝဖြင့် ကျင်လည်ခဲ့ဖူးသူဖြစ်သည်။ ဗီလာ၊ ဒါဘီ၊ အဲဗာတန်၊ ဘာမင်ဂမ်၊ ရှက်ဖီးယူနိုက်တက် စသည့်အသင်းတို့တွင်ကစားခဲ့သော ဘောလုံးသမားဟောင်းတစ်ဦးလည်းဖြစ်သည်။

စွမ်းရည်ထက်မြက်

ထို့အတူ ဘောလုံးအသင်းနည်းပြအဖြစ် မစ်ဒယ်ဘရော့၊ ဘော်လ်တန်၊ အာဆင်နယ်၊ နော့ဝစ်ချ်နှင့် ဝီဂန်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ရာ အင်္ဂလန်အသင်းများနှင့် ရင်းနှီးကျွမ်းဝင်နေသူဖြစ်ပြီး အင်္ဂလန်အသင်းများ၏အကြောင်းကို ကောင်းကောင်း သိရှိနေသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် လက်ရှိချန်ပီယံမန်ယူနှင့် ကစားရမည့်ပွဲနှင့်ပတ်သက်ပြီး ဘရရော့ချ်က ပြောကြားရာတွင်- ''မန်ယူအသင်းဟာ သေသေချာချာ ပြင်ဆင်ပြီး လာမယ်ဆိုတာ ကျွန်တော် ကြိုတင်တွက်ထားပြီးပါပြီ။ မန်ယူအသင်း တကယ်တမ်း ခြေစွမ်းပြနိုင်ခဲ့ရင်တော့ ကျွန်တော်တို့ ခက်ခက်ခဲခဲရင်ဆိုင်ရမှာပါ။ ကျွန်တော့်အသင်းမှာ လူငယ်တွေ ကစားအားကောင်းနေတာမို့ အသင်းတိုင်းကို ရင်ဆိုင်ဖို့ အသင့်အနေအထားရှိပါတယ်။ နောက်ပြီး မန်ယူအသင်းရဲ့အားနည်းမှုတွေကို သေသေချာချာ လေ့လာခဲ့ပြီးပြီမို့ ဂိုးရအောင် ဘယ်လိုအခင်းအကျင်းနဲ့ ကစားရမယ်ဆိုတာကိုလည်း ကျွန်တော့်ချာတိတ်တွေကို မှာကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ချန်ပီယံလိဂ်မှာ တန်းဝင်အဆင့်ရှိတယ်ဆိုတာ အခု လက်ရှိချန်ပီယံနဲ့ ပွဲမှာ ပြသခွင့်ရတော့မှာဖြစ်ပါတယ်။ ဒီပွဲအနိုင်ရအောင်တော့ ကစားရမှာဖြစ်ပြီး အားလ်ဘော့ပရိသတ်တွေအတွက် သမိုင်းဝင် အောင်ပွဲတစ်ရပ်ကို ကျွန်တော်တို့ ဆောင်ကြဉ်းပေးဖို့ တာဝန်ရှိလာပါပြီ။ မန်ယူအသင်းသားတွေဟာ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ စွမ်းရည်ထက်မြက်သူတွေဖြစ်သလို ဆရာကြီး ဖာဂူဆန်ဆိုရင်လည်း တကယ့်ကို ထူးခြားတဲ့နည်းပြတစ်ဦးဖြစ်ပါတယ်။

ဘောလုံးအသင်း တစ်သင်းတည်းမှာ နည်းပြလုပ်သက် ၂၀ကျော်ဆိုတာ တော်ရုံအရည်အချင်း မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း လေးစားရသူပါပဲ။ အားလ်ဘော့အသင်းဟာ ဒိန်းမတ် စူပါလီဂါချန်ပီယံဖြစ်ပါတယ်။ အသင်းမှာ မော်ရိုကိုက ဇာဇာ၊ ပိုလန်က ဆာကာနောစကီ၊ ဆွီဒင်က ဂျွန်ဆင်နဲ့ ဩစတြေးလျက ဘရချမ်တို့လို ကစားသမားကောင်းတွေရှိနေတဲ့အပြင် အကောင်းဆုံး ခြေစွမ်းရနေတာမို့ ဒီပွဲဟာ ဒိန်းမတ်ဘောလုံးလောကရဲ့ အောင်ပွဲတစ်ရပ်လို့ မှတ်ယူရမယ့်ပွဲလို့ သတ်မှတ်ပြီး အနိုင်ရအောင် ကစားသွားမှာပါ'' လို့ ပြောကြားထားသည်။

နိုင်အောင်ကစား

ဒိန်းမတ်ကလပ် အားလ်ဘော့အသင်းကွင်း၌ သွားကစားရမည့် မန်ယူအသင်းနည်းပြ ဖာဂူဆန်ကတော့- ''ဒီပွဲက သတိထားပြီး ကစားရမယ့်ပွဲပါ။ အားလ်ဘော့အသင်းဟာ ဒိန်းမတ်မှာတော့ ထိပ်တန်းအဆင့်ရှိပါတယ်။ ကစားသမားတွေလည်း စွမ်းရည်ထက်မြက်တာ သိထားပါတယ်။ ကျွန်တော့်အသင်းမှာ ကစားသမားအချို့ ဒဏ်ရာရထားလို့ ထည့်သွင်းကစားသင့်၊ မကစားသင့် ချိန်ဆနေရတယ်။ ဒါပေမယ့် ဒီပွဲမှာ ပထမပွဲထက် ကစားသမားတွေ အပြည့်ထုတ်သုံးသွားမှာပါ။ ပြီးခဲ့တဲ့ပွဲမှာ ဗီလာရီးရဲကို သရေကျထားလို့ ဒီပွဲတော့ နိုင်အောင်ကစားမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ ခြေစွမ်းရှိတယ်ဆိုတာ ပြသရတော့မှာပါ။ လောလောဆယ် မန်ယူအသင်းခြေစွမ်းအပေါ် အမျိုးမျိုးဝေဖန်နေကြပေမယ့် ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေမို့ အာရုံထဲမှာမထားပါဘူး။ ကျွန်တော်ဟာ မန်ယူအသင်းကို ဘယ်လို အောင်မြင်မှုတွေရအောင် စွမ်းဆောင်ပေးနိုင်မလဲဆိုတဲ့ စိတ်နဲ့ပဲ ရပ်တည်နေတဲ့သူပါ။ မန်ယူအသင်း အမှတ်ပြည့်ရအောင်တော့ ကြိုးစားရမယ့်ပွဲဖြစ်ပါတယ်''ဟု ပြောကြားသွားခဲ့သည်။ ။ **(အင်တာနက်)**

ချန်ပီယံလိဂ်အုပ်စု ဒုတိယပွဲစဉ် မန်ယူ၌ နဗီးလ်နှင့် ဟားဂရေ့ဗ် ဒဏ်ရာကြောင့်မပါနိုင်

လန်ဒန် စက်တင်ဘာ ၂၉

ချန်ပီယံလိဂ်အုပ်စု ဒုတိယပွဲစဉ်အဖြစ် အုပ်စု(င)မှ အယ်လ်ဘော့နှင့် မန်ယူတို့ပွဲတွင် မန်ယူနောက်ခံလူ နဗီးလ် ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ဖွယ် မရှိကြောင်း သိရသည်။

နဗီးလ်သည် ပရီမီယာလိဂ်ပွဲစဉ်(၆)အဖြစ် ဘော်လ်တန်နှင့် ကစားခဲ့ရသည့်ပွဲ၌ ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ နဗီးလ်၏နေရာတွင် ဝက်စ်ဘရောင်း ပါဝင်ကစားဖွယ်ရှိသည်။

ရွေးချယ်ထား

ထို့အတူ မန်ယူကွင်းလယ်ကစားသမား ဟားဂရေ့ဗ်သည်လည်း ဝဲဘက်ဒူးဒဏ်ရာရရှိခဲ့သဖြင့် ချန်ပီယံလိဂ်အုပ်စု ဒုတိယပွဲစဉ်နှင့် လွဲဖွယ်ရှိနေသည်။ မန်ယူအသင်းအနေဖြင့် အားလ်ဘော့အသင်းနှင့် ကစားရန် ဗန်ဒါဆား၊ အမို့စ်၊ ရာဖေးလ်၊ ဖာဒီနန်၊ ဗီဒစ်၊ အီဗန်၊ အီဗရာ၊ အိုရှေး၊ ဖလက်ချာ၊ စီရိုနယ်ဒို၊ အန်ဒါဆန်၊ ပေါလ်စခိုး၊ ပတ်ဂျီဆန်၊ ဂစ်၊ နာနီ၊ ဘာဘာတော့ဗ်၊ တီဗက်ဇ်၊ ရွန်နေနှင့် ဝေါဘက်တို့ကို နည်းပြဖာဂူဆန် ရွေးချယ်ထားသည်။ **(အင်တာနက်)**

ဂယ်ရီနဗီးလ်

ချန်ပီယံလိဂ် ပွဲစဉ်(၂)၌ဒဏ်ရာကြောင့် မကစားနိုင်သည့်အသင်းခေါင်း ဆောင် ဂယ်ရီနဗီးလ်။

(အင်တာနက် ဓာတ်ပုံ)



စီးရီးအေ၌ အင်တာမီလန်တို့ ပထမဆုံးရှုံးပွဲကြုံရ အဝေးကွင်း၌ အေစီမီလန်တို့ သုံးမှတ်အပြည့်ရယူနိုင်ခဲ့

မီလန် စက်တင်ဘာ ၂၉

စီးရီးအေပွဲစဉ်(၅)အဖြစ် စက်တင်ဘာ၂၈ရက်က စီးရီးအေမြို့ခံ ပြိုင်ဘက်နှစ်သင်းဖြစ်သည့် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ အင်တာမီလန်၏ စတာဒီယိုဂီဆက်ပီမီယက်ဇာ အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင်အင်တာမီလန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပါဝင်ကစား

စီးရီးအေချန်ပီယံကို ၎င်း၏ အိမ်ကွင်း၌ သွားရောက် ယှဉ်ပြိုင်ရသော အေစီမီလန်အသင်းသည် ဘောလုံးသမားများအားလုံးနီးပါး လူစုံတက်စုံ ပွဲထွက်ကစားခဲ့သည်။ အေစီမီလန်အသင်းတွင် ဂိုး-ခရစ္စတီယန်အက်ဘီယာတီ၊ ခံစစ်မှူးများအဖြစ် ကာလက်ဒ်ဇီ၊ ဂျန်ကူလော့စကီ၊ ဇမ်ဘရော့တာ၊ မာလ်ဒီနီ၊ အလယ်တန်းတွင် ကာကာ၊ ဂတ်တူဆို၊ အမ်ဘရိုစီနီ၊ ဆီးဒေါ့ဖ်၊ တိုက်စစ်တွင် ပါတို၊ ရော်နယ်ဒင်ဟိုတို့ ပါဝင်ကစားသွားကြသည်။

ထို့အတူ အိမ်ရှင် အင်တာမီလန်အသင်းသည် ဂိုးတွင် ဂျူလီယိုဆီဇာ၊ နောက်တန်း၌ ဘာဒစ်ဆို၊ ချီဗူး၊ မိုင်ကွန်၊ မက်တာရာဇီ၊ ကွင်းလယ်တွင် ကွာရက်စ်မာ၊ ကမ်ဘီယာဆို၊ ဇနက်တီ၊ ဗီအဲရာ၊ မန်စီနီနှင့် တိုက်စစ်တွင် အီဗရာဟင်မိုဗစ်ချ် တစ်ဦးတည်းကို အထောင်တိုက်စစ်မှူးအဖြစ်ထားကာ အေစီမီလန်အသင်းကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။

ပွဲချိန် ၂၄မိနစ်တွင် အင်တာမီလန်တို့ ရခဲ့သော ထောင့်ကန်ဘောကို အေစီမှ နောက်ခံလူ ဂျန်ကူလော့စကီက ကာကွယ်နိုင်ခဲ့သကဲ့သို့ ၂၆ မိနစ်တွင် အေစီတို့ရခဲ့သော ထောင့်ကန်ဘောကို အင်တာဂိုးသမား ဂျူလီယိုဆီဇာက ကာကွယ်နိုင်ခဲ့သည်။ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဗီအဲရာသည် ပြိုင်ဘက် အေစီမီလန်၏ ကွင်းတစ်ဝက်အကွာမှ အလွတ်တည်ကန်ဘော ရရှိခဲ့သော်လည်း ရလဒ်မပြောင်းနိုင်ခဲ့သကဲ့သို့ အီဗရာဟင်မိုဗစ်ချ်သည် ပြိုင်ဘက် အေစီမီလန်အသင်း၏ ညာတောင်ပံမှ အလွတ်တည်ကန်ဘော ရရှိခဲ့သော်လည်း ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

ဦးဆောင်နေ

ထို့နောက် အေစီတို့ အိမ်ရှင်အင်တာမီလန်ဘက်သို့ တရစပ် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်တွင် ကွင်းလယ်မှ ကာကာ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူးရော်နယ်ဒင်ဟိုက ဂိုးသမား၏ ညာဘက်အပေါ်ထောင့်သို့ ခေါင်းတိုက်သွင်းယူလိုက်သဖြင့် အေစီမီလန်တို့ ဦးဆောင်ဂိုး ရရှိခဲ့သည်။ အင်တာမီလန်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပထမပိုင်း ပွဲပြီးသည်အထိ အေစီက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

အနိုင်ဂိုး

အေစီမီလန် တိုက်စစ်မှူး ရော်နယ် ဒင် ဟို က တစ် လုံး တည်းသော အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူစဉ်။

(အင်တာနက် ဓာတ်ပုံ)

ရသမြောက်

အေစီမီလန်နည်းပြ ကားလို့စ်အန်ဆယ်လော့တီနှင့် အင်တာမီလန်နည်းပြ ဂျို့စ်မော်ရင်ဟိုတို့၏ အားပြိုင်ပွဲဖြစ်သည့် အားလျော်စွာ ပွဲမှာအသက်ဝင်ပြီး ရသမြောက်သော ပွဲတစ်ပွဲအဖြစ် ပရိသတ်များ၏ရင်ကို ဖမ်းစားနိုင်သော ပွဲတစ်ပွဲဖြစ်ခဲ့သည်။

အင်တာမီလန်အသင်းသည် အိမ်ရှင်ပီပီ အနိုင်ရရှိရေးကြိုးစားခဲ့ရာ ပွဲချိန်သုံးမိနစ်တွင် မန်စီနီက ဂိုးဧရိယာအပြင်ဘက်မှ ညာခြေဖြင့်ကန်သွင်းလိုက်သော ဘောလုံးမှာ ကန်ချက်လွဲသွားပြီး ဂိုးသမား၏ ညာဘက်မှ ထွက်သွားသဖြင့် အင်တာမီလန်တို့ တစ်ဂိုးနစ်နာခဲ့ရသည်။ ပွဲချိန် ၁၀မိနစ်တွင် အေစီမီလန်မှ အမ်ဘရိုစီနီက အင်တာမီလန် ဂိုးရှေ့ ၃၅ ကိုက်အကွာမှ ညာခြေဖြင့် အပြင်းကန်သွင်းခဲ့သော်လည်း ဂိုးသမားကာကွယ်လိုက်သဖြင့် ၎င်း၏ ဘယ်ဘက်ဘေးမှထွက်ကာ အေစီမီလန်တို့ ထောင့်ကန်ဘောရရှိခဲ့သော်လည်း ဂိုးရရှိအောင် မဖန်တီးနိုင်ခဲ့ချေ။

အင်တာမီလန်အသင်းသည် ဒုတိယပိုင်း ၅၉ မိနစ်တွင် မက်တာရာဇီအစား ဂျူလီယိုခရုဇ်၊ မန်စီနီအစား အက်ဒရီယာနို၊ မိနစ် ၈၀ တွင် ဗီအဲရာအစား စတန်ကိုဗစ်ချ်တို့ လူစားလဲကစားသကဲ့သို့ အေစီမီလန်အသင်းကလည်း ၇၄မိနစ်တွင် ပါတိုအစား ဖလာမီနီ၊ ၈၄မိနစ်တွင် ရော်နယ်ဒင်ဟိုအစား ရှက်ဗ်ချင်ကို၊ ၈၈မိနစ်တွင် ဂတ်တူဆိုအစားဘိုနီရာတို့ လူစားလဲ ကစားခဲ့ကြသည်။ ၅၇မိနစ်တွင် အင်တာမီလန် ဂိုးဧရိယာအပြင်ဘက်မှ ရော်နယ်ဒင်ဟို၏ ညာခြေ ကန်ချက် လွဲချော်ခဲ့သကဲ့သို့ ၅၈မိနစ်တွင် ကာကာ၏ ကန်ချက်မှာလည်း လွဲချော်ခဲ့သည်။

ပွဲချိန် ၆၇မိနစ်တွင် အင်တာမီလန်မှ ခရုဇ်သည် ပြိုင်ဘက်အသင်း၏ ကွင်းလယ်မှအလွတ်တည်ကန်ဘော ရရှိခဲ့သော်လည်း ချေပဂိုးရရှိရေး မစွမ်းဆောင်နိုင်ခဲ့ချေ။ ပွဲချိန် ၇၁မိနစ်တွင် ကွင်းလယ်မှ ကွာရက်စ်မာ ချပေးသော ဘောလုံးကို အေစီမီလန် ဂိုးဧရိယာအပြင်ဘက်မှ ခရုဇ်က ဘယ်ခြေဖြင့်ကန်သွင်းခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံး တွန်းတွန်းတိုက်တိုက် ကစားခဲ့မှုကြောင့် အေစီမီလန်မှ ဂတ်တူဆိုနှင့် ဂျန်ကူလော့စကီတို့ အဝါကတ်ပြခံခဲ့ရသကဲ့သို့ အင်တာမီလန်မှ ဘာဒစ်ဆို၊ ဗီအဲရာ၊ ကွာရက်စ်မာ၊ ဇနက်တီနှင့် စတန်ကိုဗစ်ချ်တို့ အဝါကတ်ပြခံခဲ့ရသည့်ပြင် ဘာဒစ်ဆိုနှင့် မက်တာရာဇီတို့ အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

ပထမဦးဆုံး ရှုံးပွဲ

ယခုပွဲစဉ်တွင် အေစီမီလန်အသင်းသည် ဂိုးသွင်းခွင့် ၁၇ကြိမ်ရရှိခဲ့သည့်အနက် ငါးကြိမ် ဂိုးပေါက်တည့်အောင် ကန်နိုင်ခဲ့ပြီး တစ်ဂိုးရရှိခဲ့သည်။ အင်တာမီလန်အသင်းမှာ ဂိုးသွင်းခွင့် ၁၁ကြိမ်ရရှိသည့်အနက် နှစ်ကြိမ်သာ ဂိုးပေါက်သို့ရောက်အောင် ကန်သွင်းနိုင်ခဲ့ပြီး ဂိုးအဖြစ် မဖန်တီးနိုင်သဖြင့် အိမ်ကွင်း၌ အေစီမီလန်အား တစ်ဂိုး-ဂိုးမရှိဖြင့် ပထမဦးဆုံး ရှုံးပွဲကြုံခဲ့ရပါကြောင်း။ ။

ချစ်စိုးနိုင်စုစည်းသည်

ကမ္ဘာ့အမြန်ဆုံး မာရသွန်အပြေးသမား ဆီလက်စီ ၂ နာရီ ၃မိနစ် ၅၉စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်

ဘာလင် စက်တင်ဘာ ၂၉

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် စက်တင်ဘာ၂၈ရက်၌ ကျင်းပသည့် ဘာလင်မာရသွန် အပြေးပြိုင်ပွဲ၌ အီသီယိုးပီးယားမှ ဟေလီဂီဘရာ ဆီလက်စီသည် ၂နာရီ ၃မိနစ် ၅၉ စက္ကန့်ဖြင့် ပြေးကာ ကမ္ဘာ့အမြန်ဆုံး မာရသွန်လူသားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

မှတ်တမ်းတင်နိုင်

ဆီလက်စီသည် ၂၀၀၇ခုနှစ် က ၎င်းကိုယ်တိုင် တင်ထားခဲ့သော မာရသွန်အပြေးစံချိန်ဖြစ်သည့် ၂ နာရီ ၄မိနစ် ၂၆စက္ကန့်ကို ယခုအခါ ၂နာရီ ၃မိနစ် ၅၉စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့စံချိန်သစ်တင်နိုင်ခြင်းသည် မာရသွန်ပြိုင်ပွဲများ၌ ၂နာရီ ၄မိနစ်အောက် ပြေးနိုင်သည့် ကမ္ဘာ့ပထမဆုံး မာရသွန် အပြေးသမားတစ်ဦးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

(အင်တာနက်)

ဘာလင်မာရသွန် အပြေးပြိုင်ပွဲ၌ ပန်းဝင်လာသော ဆီလက်စီ။ (အင်တာနက်ဓာတ်ပုံ)

❐ *ကျောဖုံးမှ*

ခြေစွမ်းပြနိုင်ဖို့ ရှိနေနိုင်မလားပဲ။ ဒါပေမယ့် အက်သလက်တီကိုနဲ့ လီဗာပူးတို့ရဲ့ ကစားဟန်ကတော့ ပြိုင်ဘက်တွေဖြစ်တဲ့ ပီအက်စ်ဗွီနဲ့ မာဆေးတို့အပေါ်မှာ ခြေအသာနဲ့ကစားပြီး အနိုင်ရဖို့ကိုပါ အခွင့်အရေးယူနိုင်လောက်တဲ့ အဆင့်အထိရှိနေတာ တွေ့ရတယ်။

အုပ်စု(က)

ကလုချ် - ချယ်လ်ဆီး

ကလုချ်ဟာ ပရိသတ်နဲ့ ရင်းနှီးမှု၊ထိတွေ့ မှု နည်းပါးပေမယ့် ဥရောပမှာတော့ အနည်းငယ်နာမည်ရလာတဲ့ အသင်းတစ်သင်းဆိုရင်လည်း မမှားဘူး။ သူတို့ဟာ ကစားပုံအပိုင်းမှာ အသင်းကြီးတွေလောက် ကျစ်ကျစ်လျစ်လျစ်နဲ့ ကစားနိုင်စွမ်းမရှိပေမယ့် စိတ်ဓာတ်ပိုင်းအားဖြင့် တော်တော်ကောင်းတယ်။ ဒီပွဲမတိုင်ခင် ရိုးမားမြေမှာ အနိုင်သုံးမှတ်ရအောင် ကစားထားနိုင်လိုက်တဲ့အတွက် နောက်တစ်ဆင့် တက်ရောက်ရေးကို မျှော်လင့်နိုင်မယ့်အခွင့်အလမ်းတွေရှိနေတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ချယ်လ်ဆီးလိုအသင်းနဲ့ ကစားတဲ့အခါ အနေအထားချင်းမတူပေမယ့်လည်း တက်ကြွနေတဲ့ စိတ်ဓာတ်တွေကြောင့် ခံကစားဖို့၊ ခြေရည်တူယှဉ်ဖို့ ရှိနိုင်တယ်။ ဒီအပိုင်းမှာ စဉ်းစားစရာတစ်ချက်ရှိတာက ဘာလဲဆိုရင် ချယ်လ်ဆီးရဲ့ ထိုးဖောက်မှုကို အိမ်ရှင်အသင်း ပွဲချိန်ပြည့် တောင့်ခံနိုင်ပါ့မလားဆိုတာပါပဲ။ ချယ်လ်ဆီးမှာ ဒေကို၊ ကာဗာလီယိုတို့လို ကစားသမားတွေပါဝင်ဖို့ မသေချာပေမယ့် ကျန်တဲ့လူတွေအားလုံး ဒီပွဲအတွက် ပြန်လာနိုင်တာကြောင့် ကလုချ်အတွက်တော့ ချယ်လ်ဆီးတိုက်စစ်ကို ထိန်းချုပ်ရခက်နိုင်တယ်။ ကလုချ်မှာ ခြေစွမ်းပြနေတဲ့ ကူလီယိုလိုကစားသမားအနေနဲ့ ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ဖို့ မလွယ်ဘူး။ သုံးသပ်ချက်အရ ပြောရရင် အိမ်ရှင်ကလုချ်ဟာ ချယ်လ်ဆီးရဲ့တိုက်စစ်ကို ရေရှည်မှာ ထိန်းချုပ်ထားနိုင်စွမ်းနည်းတာကြောင့် ပွဲအပြီး အရေးနိမ့်ဖွယ်ရှိတယ်။ ဒါကြောင့် ချယ်လ်ဆီးကိုပဲ ကြိုက်ပါတယ်။

ဘော်ဒိုး - ရိုးမား

ရိုးမားဟာ ပထမပွဲစဉ်မှာ ရိုမေးနီးယားကလပ်ဖြစ်တဲ့ ကလုချ်ကို အရေးနိမ့်ထားလို့ အမှတ်ပြည့်မရသေးတဲ့ အသင်းဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာ ဘော်ဒိုးဆီကနေ အနိုင်သုံးမှတ် လုယူဖို့ ကြိုးစားလိမ့်မယ်။ ခက်တာက ပြင်သစ်ကလပ်ဘော်ဒိုးကလည်း ပြီးခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးကိုရှုံးထားလို့ ရိုးမားလိုပဲ နိုင်ပွဲမရသေးတဲ့ အသင်းပါ။ ဒါကြောင့် ဘော်ဒိုးဆီကနေ ရိုးမား အနိုင်သုံးမှတ်ရယူဖို့မဆိုထားနဲ့ တစ်မှတ်ရဖို့ကိုတောင် ခက်ခက်ခဲခဲနဲ့ ကစားရမှာပါ။ အိမ်ရှင်ဆီကနေ ရိုးမားအနေနဲ့ သရေတစ်မှတ် လုယူနိုင်ရင်ပဲ ကံကောင်းလှပါပြီ။

အုပ်စု(ခ)

အင်တာမီလန်-ဝါဒါဘရီမင်

အင်တာမီလန်နဲ့ ဝါဒါဘရီမင်ဟာ ဆုံတွေ့ခဲ့ဖူးပေမယ့် အင်တာကွင်းမှာ ဝါဒါဘရီမင်အနေနဲ့ တစ်ခါမျှ အနိုင်မကစားနိုင်သေးဘူး။ ဝါဒါဘရီမင်ဟာ ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်လိုအသင်းကိုတောင် အဝေးကွင်းမှာ ဂိုးပြတ်နဲ့ အနိုင်ကစားထားတဲ့ အသင်းဆိုပေမယ့်လည်း အင်တာလို မော်ရင်ဟိုလက်ထဲကအသင်းကိုတော့ ထင်သလို ထိုးဖောက်ဂိုးသွင်းဖို့ဆိုတာခက်နိုင်ပါတယ်။ အင်တာက ဝါဒါဘရီမင်ထက် ကစားပုံ သွက်လက်ပြီး ကစားအားကောင်းတဲ့သူတွေရှိတယ်။ ဒါကြောင့် ဝါဒါဘရီမင်ရဲ့ ကွင်းလယ်လူ ဒီယေဂို လှုပ်ခွင့်မရရင် အင်တာရဲ့ကစားကွက်အောက်မှာ ပိတ်မိနေဖွယ်ရှိပါတယ်။ အင်တာရဲ့တိုက်စစ်မှာ မန်ချီနီ၊ အီဗရာဟီမိုဗစ်၊ အက်ဒရီယာနိုတို့အပြင် ဇနက်တီတို့လို ကစားသမားတွေကလည်းရှိနေတော့ မော်ရင်ဟိုဟာ သူ့အသင်းကို အိမ်ကွင်းမှာ နောက်ထပ်နိုင်ပွဲရဖို့ လုပ်ပြပါလိမ့်မယ်။

အနော်သိုဆစ် - ပါနာသီနိုင်ကို့စ်

ဂရိကလပ်အနေနဲ့ကတော့ သူတို့ရဲ့ ထိုးဖောက်တိုက်စစ်ဆင်ပုံကို သေချာလေ့ကျင့်ပြင်ဆင်ထားနိုင်ပါမှ အခုပွဲမှာ အိမ်ရှင်ဖြစ်တဲ့ အနော်သိုဆစ်ကို အသာစီးနဲ့ကစားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ အနော်သိုဆစ်ရဲ့မြေမှာ ပါနာသီနိုင်ကို့စ်အနေနဲ့ ယှဉ်ရတာခက်သွားနိုင်ပါသေးတယ်။ အိမ်ရှင်အသင်းဟာ ဝါဒါဘရီမင်အသင်းကို ဂိုးမရှိသရေကစားခဲ့တဲ့ပွဲမှာ ခြေအသာမရသလို ခံစစ်ကလည်းပွင့်ထွက်နေပါတယ်။ ဒါပေမယ့် အခုကစားမှာက အနော်သိုဆစ်ဟာ အိမ်ကွင်းဖြစ်နေတော့ သူတို့ရဲ့ အားနည်းချက်ကို ပရိသတ်အားနဲ့ ပြင်ဆင်ဖာထေးနိုင်ဖွယ်ရှိပါတယ်။ ဒါကြောင့်လည်း ဟန်တန်ကိတ် ကိုင်တွယ်နေတဲ့ ပါနာသီနိုင်ကို့စ်ဟာ အနော်သိုဆစ်ကို သရေပဲကစားနိုင်ဖို့ များပါတယ်။

အုပ်စု(ဂ)

ရှက်တာဒိုးနက် - ဘာစီလိုနာ

ဘာစီလိုနာဟာ ကစားပုံအပိုင်းမှာ ပြောစရာမရှိပေမယ့်လည်းတကယ်တမ်းကျတော့ ဂိုးသွင်းယူနိုင်စွမ်း အပိုင်းမှာတော့ တိကျမှုလွဲချော်နေတယ်။ ရော်နယ်ဒင်ညို၊ ဒေကိုမရှိလို့ ကွင်းလယ်အပိုင်းမှာ အားနည်းချက်တွေရှိနေပေမယ့်လည်း ဘာစီလိုနာဟာ ရာဗီနှင့်မက်ဆီတို့လို ကစားသမားတွေအားနဲ့လိုက်ပြီး ပြန်လည်ဖာထေးပြုပြင်နေပါတယ်။ဒါပေမယ့် အခုကစားမယ့် ယူကရိန်းကလပ် ရှက်တာဒိုးနက်နဲ့ပွဲမှာတော့ ဘာစီလိုနာအနေနဲ့ ကစားရတာကျပ်သွားပြီး အိမ်ရှင်အသင်းက ရုန်းကန်အား ကောင်းကောင်းနဲ့ မာမာထန်ထန် ကစားနိုင်စွမ်းရှိတယ်။ ဒါကြောင့်လည်း ဘာစီလိုနာလို အသင်းကြီးတစ်သင်းအပေါ်မှာ ဖိအားပေးနိုင်ခြေများနေတယ်။ အပြန်အလှန်ကစားရဖို့ရှိနေတဲ့ပွဲမှာ ဘာစီလိုနာထက် ရှက်တာဒိုးနက်ကိုပဲ ရွေးချယ်သင့်ပါတယ်။

စပို့တင်းလစ္စဘွန်း - ဘာဆယ်

ဆွစ်ဇာလန်ကလပ် ဘာဆယ်က ဒီပွဲမှာ အိမ်ရှင်အသင်း စပို့တင်းရဲ့ ပွဲအစ ပွဲအဆုံး တိုက်စစ်ဆင်ကစားမှုအောက်မှာ လိုက်လံထိန်းချုပ်ရဖွယ် ရှိနေတယ်။ ပေါ်တူဂီကလပ်တွေဟာ ပြိုင်ဘက်တွေကို အိမ်ကွင်းမှာ မျက်နှာသာမပေးတတ်ဘူး။ ဒါကြောင့် ပထမပွဲစဉ်မှာ ရှုံးထားတဲ့အရှိန်နဲ့ အိမ်ရှင်စပို့တင်းဟာ ရအောင်ဖိအားပေးကစားမှာဖြစ်တယ်။ ဒီဖိအားပေးမှုကို ဘာဆယ်အနေနဲ့ ထိန်းချုပ်ဖို့မလွယ်ဘူး။ ဘာဆယ်ရဲ့ခံစစ်ကြောင်းက အမှားများနေတဲ့အတွက်အခုပွဲမှာ စပို့တင်းရဲ့တိုက်စစ်ကို ခုခံကစားရမှာ ခက်ခဲသွားနိုင်ပါတယ်။ ဗီလိုဆိုတို့ပါဝင်ကစားနေတဲ့ အိမ်ရှင်ကိုသာ အနိုင်ပေးထားရမယ့် ပွဲစဉ်ဖြစ်ပါတယ်။

အုပ်စု(ဃ)

လီဗာပူး - ပီအက်စ်ဗွီ

လီဗာပူးဟာ ဒီပွဲမတိုင်ခင်မှာ အဲဗာတန်နဲ့ မာဆေးဆိုက်ဒ်ဒါဘီ ပွဲကစားထားရပေမယ့် ပွဲပန်းမှာတော့မဟုတ်ဘူး။ ဂျရတ်မပါနိုင်ရင်တောင် မာရှေယာနို၊ တောရက်စ်၊ ဘာဘယ်၊ ဒက်ကွတ် အစရှိတဲ့ကစားသမားတွေကို နည်းပြဘင်နီတက်ဇ်က ထုတ်သုံးပြီး အိမ်ကွင်းမှာ အနိုင်ရအောင် ကြိုးစားမှာပါ။ ပီအက်စ်ဗွီရဲ့ကစားအားနဲ့ ကစားဟန်က လီဗာပူးကို အခက်အခဲဖြစ်လောက်စေနိုင်စွမ်းမရှိသလို ကစားသမားတွေကလည်း ထက်မြက်မှုနည်းပါးလို့ အိမ်ရှင်အသင်းအပေါ်မှာ ဖိအားပေးနိုင်စွမ်း မရှိလောက်ဘူး။ လီဗာပူးကပဲ ခြေအသာနဲ့ ကစားမှာဖြစ်နေတယ်။ တစ်ချက်ရှိတာ တောရက်စ်တို့ ဂိုးပေါက်တွေ့ဖို့ပါပဲ။ တောရက်စ် ခြေမြူးနေရင်တော့ လီဗာပူးရဲ့ အနိုင်ဟာ ပြတ်သားသွားမှာပါ။ ဒါကြောင့် လီဗာပူးကိုပဲရွေးသင့်ပါတယ်။

အက်သလက်တီကို - မာဆေး

မာဆေးအတွက်တော့ ပွဲကျပ်နဲ့ ထပ်ဆုံတယ်လို့ဆိုရမယ်။ အကြောင်းကတော့ မာဆေးပြိုင်ဘက် အက်သလက်တီကိုဟာ ခြေစွမ်းပိုင်းရော၊ ကစားသမားအပိုင်းမှာပါ တော်တော်လေး ခြေစွမ်းထက်နေလို့ပါပဲ။ အဂွေရို၊ ဖော်လန်၊ မန်နစ်ချ်တို့အပြင် ပွန်ဂိုလီကပါ အက်သလက်တီကိုမှာရှိနေတော့ မာဆေးခံစစ်ကို ထိုးဖောက်ရာမှာ အခက်တွေ့နိုင်စရာ နည်းမယ်။ ဘင်အာဖာနဲ့ ချေရူးတို့ကို အက်သလက်တီကို ခံစစ်မှူးတွေ ချုပ်ထိန်းထားနိုင်ရင် ဒီပွဲမှာ အိမ်ရှင်အနေနဲ့ ခြေအသာရပြီး ပြိုင်ဘက်ကို အနိုင်ယူရာမှာ လွယ်သွားနိုင်တယ်။ ဒါကြောင့် ဒီပွဲအတွက် အက်သလက်တီကို အသင်းကိုပဲ အားပေးလိုက်ကြပါစို့။ ။ **(မြန်မာ့အလင်း)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကျင့်ကျိုးမြို့၌ ကျင်းပသော (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

(၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော် ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကျင့်ကျိုးမြို့၌ ကျင်းပသော (၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မဒမ်လျူယန်တုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာချိုင်ဝေနှင့် အာရှနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသော အာရှနိုင်ငံများမှ ကိုယ်စားလှယ်များ ကိုယ်စား မိန့်ခွန်းပြောကြားသည်။

အဆိုပါ(၁၀)ကြိမ်မြောက် အာရှအနုပညာပွဲတော်သို့ အာရှနိုင်ငံပေါင်း ၁၈နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ပေါင်း ၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**ဘဝတိုးတက်ရေးနှင့်ဘဝလွတ်မြောက်ရေး** တရားတော် (ကညင်ကုန်းဆရာတော်အရှင်ဉာဏောဘာသ)
၈း၀၀ - ၂း၀၀	အဘိဓမ္မာပြန့်ပွားရေးအသင်း၏(၄၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ)စာတော်ပြန်ပွဲကြီး
၈း၁၀ - ၂း၁၀	Sunday Talk
၉း၀၀ - ၃း၀၀	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော)
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	Box Office Movies (Casino Royal)
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ရွှေလိပ်ပြာလေးပိုင်ပိုင်နှစ်ပါးခွင်ဗွီစီဒီ)
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	စလင်းရေလှောင်တမံ
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	အိုင်တီနည်းပညာများနှင့် အရောင်းပြပွဲ ၂၀၀၈ ကြိုတင်ပြင်ဆင်မှုများ
၁၂း၀၀ - ၆း၀၀	သဘာဝလက်ဆောင် "စိမ်းပြာရေညှိထုတ်ကုန်များ"
၁၂း၃၅ - ၆း၃၅	Music Gallery (ဂျေညီညီရဲ့ အကောင်းဆုံးတေးများ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၅၅	Zenit-Real Madrid	Star Sports (Live)
၁း၀၀	Arsenal-FC Porto	ESPN (Live)
	Aalborg-Man Utd	Star Sports (Live)
၄း၀၀	Villarreal-Celtic	ESPN (SDD)

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူရေး ရွှေထီးတော်နှင့် ကိုယ်လုံးတော်ကြွခိုင်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၉

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူရေး၊ ရွှေထီးတော်ကြွခိုင်ရေးနှင့် ကိုယ်လုံးတော်ကြွခိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော်၏ ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီအသီးသီးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြာမှောက်ကြာလန်ဇရိယာအား ပြုပြင်မွမ်းမံမည့် အစီအစဉ်များ၊ ထီးတော်ကြွခိုင်ရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမည့်အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြာမှောက်ကြာလန် ပုံသဏ္ဌာန်ငယ်များကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလားအသက် ၂၁နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းက အမှတ်(၉၉)ခြေမြန် တပ်မဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ အမှတ်(၈၈)ခြေမြန် တပ်မ ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ)၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) အသင်းက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဖိလစ်ပိုင်မြောက်ပိုင်း၌ မိုင်းတွင်းရေလွှမ်း မိုင်းလုပ်သားနှစ်ဦးသေဆုံး၊ ၁၁ဦးပျောက်ဆုံးနေ

မနီလာ စက်တင်ဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း သတ္တုမိုင်းတွင်းတစ်တွင်း စက်တင်ဘာ ၂၉ရက်က ရေလွှမ်းမှုဖြစ်ပွားရာ မိုင်းလုပ်သားနှစ်ဦးသေဆုံးပြီး ၁၁ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင် အရာရှိများက ပြောကြားသည်။

ကယ်ဆယ်နိုင်

အဆိုပါမိုင်းတွင်းမှာ မနီလာမြို့ တောင်ဘက် ဘင်ကွတ်ပြည်နယ် အီတိုဂွန်မြို့ အနီးတွင်ရှိပြီး မိုးသည်းထန်စွာရွာသွန်းပြီးနောက် မိုင်းတွင်း ရေလွှမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းမိုင်းတွင်း၌ စုစုပေါင်းမိုင်းလုပ်သား ၁၆ဦး အလုပ်လုပ်ကိုင်လျက်ရှိရာ သုံးဦးကိုသာ ကယ်ဆယ်နိုင်ခဲ့သည်။

ဂျော်ဂျီယာ၌မြေပြိုမှုဖြစ်ပွား၍ ခြောက်ဦးသေဆုံး မြေပြိုမှုထပ်မံဖြစ်နိုင်ကြောင်းသတိပေးထား

တီဘီလီစီ စက်တင်ဘာ ၂၉

ဂျော်ဂျီယာနိုင်ငံ ကိုဘူလက်ဒေသရှိ ခါလ်ဗာရီကျေးရွာ၌ စက်တင်ဘာ ၂၉ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ကျေးရွာသားခြောက်ဦးသေဆုံးခဲ့ကြောင်း ဂျော်ဂျီယာအရာရှိများက ပြောကြားသည်။

ထုတ်ပြန်

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေလွှမ်းခြင်းများဖြစ်ပွားပြီး နှစ်ရက်အကြာ၌ ယခုကဲ့သို့မြေပြိုခြင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ် ၄၀၀ကျော်မှာလည်း မြေပြိုမှု အန္တရာယ်ရှိနေကြောင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်ဂေါပကအဖွဲ့ တို့၏ ဩဝါဒါစရိယ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာကို ရောဝတီတိုင်း မြန်အောင်မြို့နယ် ရှမ်းကွင်းကျေးရွာ ခမည်းတော် ဦးဘိုးဆင့်၊ မယ်တော် ဒေါ်စုတို့မှ ၁၂၈၂ခုနှစ်၊ နယုန်လဆန်း ၁၁ရက် (ကြာသပတေးနေ့) နံနက် ၄ နာရီ တွင် ဖွားမြင်သော တစ်ဦးတည်းသော သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်မြအောင် ဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၁ခုနှစ်တွင် ရောဝတီတိုင်း မြန်အောင်မြို့နယ် ကွင်းကြီးကျောင်းဆရာတော် ဦးမုနိန္ဒကို ဉပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး၊ ၁၃၀၁ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် (စနေနေ့)တွင် မန္တလေးမြို့ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒသာမိဘိဝံသကို ဉပဇ္ဈာယ်ပြု၍ ဒေါ်ဖွားအို၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ရောဝတီတိုင်း မြန်အောင်မြို့နယ် ကွင်းကြီးကျောင်း ဆရာတော်ကြီးနှင့် စာချဆရာတော် ဦးစန္ဒာဝရတို့ထံ၌ ပရိယတ္တိ အခြေခံကျမ်းစာများကို သင်ယူပြီးနောက် ၁၂၉၄ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်သို့ ရောက်ရှိပြီး တိုက်အုပ်ဆရာတော် ဦးကောဏ္ဍညာဘိဝံသနှင့် စာချဆရာတော် ဦးစက္ကိန္ဒ၊ ဦးဇဝန၊ ဦးအဂ္ဂဝံသထံ၌လည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မူလပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တနာရဒတို့ထံ၌လည်းကောင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း၊ နေ့ဝါညဝါတို့ကို သင်ယူ တတ်မြောက်၍ အစိုးရဓမ္မာစရိယနှင့် စေတိယင်္ဂဏသီးခြား စာချတန်းတို့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

စာပေပို့ချရေးသားခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မိမိသီတင်းသုံးရာ မဟာအောင်မြေဘုံစံကျောင်း တိုက်ကြီးတွင် ပရိယတ္တိကျမ်းရင်းများကို အစဉ်တစိုက်ပို့ချလျက် ကျောင်း တိုက်ကြီး၏ ကြီးပွားရာ ကြီးပွားကြောင်း အားထုတ်ဆောင်ရွက်တော်မူပြီး ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါသည်၊ စာပေကျမ်းဂန်ပို့ချနေစဉ်မှာပင် ''မဟာအောင်မြေဘုံစံဋီကာကျော် အလင်းပြကျမ်း''ကိုရေးသားတော်မူခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာရပဋ္ဌိဝိသောဓကအဖြစ်ဖြင့် ဆဋ္ဌသင်္ဂါယနာ၌ ပါဝင်ဆောင်ရွက်ခဲ့ပြီး တောင်တန်းသာသနာပြု ဗဟိုအဖွဲ့အမှုဆောင်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးသျှောင်အဖွဲ့ဝင်၊ တိပိဋကရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့ ဉက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ စေတိယင်္ဂဏအသင်း ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ကျောက်ပုံတောရဝါဒ သီးခြားဝိနည်းမှိုရ်အဖွဲ့ဝင်၊ ပရိယတ္တိသာသနာ့တက္ကသိုလ် စီမံချက်ရေးဆွဲရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း အားပေးဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် ဒုတိယဉက္ကဋ္ဌတာဝန်များကိုပါ ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်၊ ဂန္ထဓုရဗာဟုသစ္စဂုဏ်၊ လောကဗဟု ပကာရဂန္ထရစနာဂုဏ်တို့နှင့်ပြည့်စုံတော်မူသောဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၁ခုနှစ်(၂၀၀၀ပြည့်နှစ်)တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ခုနှစ် (၂၀၀၄ခုနှစ်)တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော်၁၃ရက်(၂၀၀၈ခုနှစ် စက်တင်ဘာလ၂၇ရက်) စနေနေ့ ည၉နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ဘာသာရပ်ဆိုင်ရာနှင့် အသိပညာပေးဟောပြောပွဲများကို စနေတစ်ပတ်ခြား ကျင်းပလျက်ရှိရာ အောက်တိုဘာ၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေး၀ါးလမ်းဟောင်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ Toyo Battery ပံ့ပိုးမှုဖြင့် စာရေးဆရာ ကိုတာက တစ်ခြားတစ်ဖက်မှအတွေးများ (Alternative)ကို ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက် နားထောင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)
၂၀၀၈-၂၀၀၉ ပညာသင်နှစ်
အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (Technical Training School) များအတွက်
သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီး၊ ပခုက္ကူ၊ တီးတိန်နှင့် မင်းတပ်မြို့များတွင်ဖွင့်လှစ်မည့် အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (TTS)များအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော သင်တန်းသားများ လျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို အောက်ဖော်ပြပါ ဘာသာတွဲတစ်ခုခုဖြင့် အောင်မြင်ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် အသက် (၂၀)ထက် မကျော်လွန်သူဖြစ်ရမည်။

- (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
- (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
- (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
- (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲ
- (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ

(ဂ) အကျင့်စာရိတ္တကောင်းမွန်ပြီး လက်တွေ့လုပ်ငန်းများကို လုပ်ကိုင်နိုင်သော အမျိုးသားများဖြစ်ရမည်။

(ဃ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးကြောင်း ထောက်ခံစာ၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ လျှောက်လွှာတွင်(၆)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကပ်၍ တင်ပြရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာအတွက် သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်း ထောက်ခံစာများ ယူဆောင်လာရမည်။

၂။ အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်းများတွင် သင်ကြားပို့ချမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) Electronic Technology

(ခ) Electrical Technology

(ဂ) Auto Mechanic Technology

(ဃ) Air-conditioning & Refrigeration Technology

(င) Welding Technology

၃။ သင်တန်းကာလမှာ (၂)နှစ်ဖြစ်သည်။ သင်တန်းကြေးမှာ တစ်လလျှင် ကျပ် ၁၀၀၀ဖြစ်သည်။ ပထမနှစ်သင်တန်းအောင်မြင်ပြီးသူများအား T.T.S Level (1) Certificate ကိုလည်းကောင်း၊ ဒုတိယနှစ်သင်တန်း အောင်မြင်ပြီးသူများကို T.T.S Level (2) Certificate ကိုလည်းကောင်း ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို နည်းပညာတက္ကသိုလ်၊ ကောလိပ်များတွင်ရယူနိုင်၍ လျှောက်လွှာပိတ်ရက်မှာ ၂၀၀၈ခုနှစ် အောက်တိုဘာ ၃၀ရက်ဖြစ်ပြီး ကျောင်းသားအရေအတွက် ကန့်သတ်ချက်ရှိပါ၍ လူတွေ့စစ်ဆေးမှု ပြုလုပ်ပါမည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၅၂၂၉၂၊ ၀၆၆-၅၀၅၆၅၊ ၀၈၁-၂၇၆၇၆၊ ၀၆၂-၂၂၀၅၃၊ ၀၇၃-၂၂၀၈၉၊ ၀၁-၅၄၃၃၇ (ရုံးခွဲ)၊ ၀၆၇-၄၀၄၀၂၀နှင့် ၀၆၇-၄၀၄၀၁၉ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။



ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၈ခုနှစ်ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ရေကူးကန်၌ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲတွင်အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးတင်လိုက်တာ...

အခါခါလွဲခဲ့တဲ့ ကျွန်တော့်ဖူးစာ
ဒီနှစ်တော့
JASMINE PHYU က
စေ့စပ်လက်စွပ်လေးနဲ့
လက်ထပ်ခွင့်တောင်းမှပဲ
ဒီဝါလဲ အကျွတ်
လူပျိုသိုးကြီးဘဝကလဲ
အကျွတ်ပဲဗျာ
ကျေးဇူးပါ *JASMINE PHYU*



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးအောင်သွင် ၁၂/လမတ(နိုင်)၀၂၁၁၅၉ ၏မော်တော်ယာဉ် ၂ခ/၄၀၃၀ အခွန်ကျေပုံစံ(၁)၊ အစိမ်းရောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။ **ဖုန်း-၆၈၀၅၉၄၊ ၆၈၂၀၂၂။**

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယထွာ (ပွင့်ရွှေလင်း တာယာနှင့်အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)

ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၃၄၇၃၃၊ ၅၃၄၈၈၃

Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီးဆေးဝါးကျွမ်းကျင် ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန် ကျွမ်းကျင်သော သူနာပြုအကူဖြစ်ရန် သင်ကြားပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်း အောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ ကြိုတင်စာရင်းသွင်းပါ။

တစ်လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၅၈၂) ၆-၁၀-၂၀၀၈ရက် စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
အပတ်စဉ် (၅၈၃) ၉-၁၀-၂၀၀၈ရက် စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ

Section (1) 08:00AM to 11:00AM (14) ဦး
Section (2) 09:00AM to 12:00PM (14) ဦး
Section (3) 01:30PM to 04:30PM (14) ဦး
Section (4) 05:00PM to 07:00PM (14) ဦး
Section (5) 06:00PM to 08:00PM (14) ဦး

နှစ်လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၅၈၄) ၆-၁၀-၂၀၀၈ရက် စမည်။ တနင်္လာနေ့နှင့် အင်္ဂါနေ့
အပတ်စဉ် (၅၈၅) ၇-၁၀-၂၀၀၈ရက် စမည်။ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့
အပတ်စဉ် (၅၈၆) ၈-၁၀-၂၀၀၈ရက် စမည်။ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့
အပတ်စဉ် (၅၈၇) ၉-၁၀-၂၀၀၈ရက်စမည်။ ကြာသပတေးနေ့နှင့် သောကြာနေ့
အပတ်စဉ် (၅၈၈) ၁၁-၁၀-၂၀၀၈ရက် စမည်။ စနေနေ့နှင့် တနင်္ဂနွေနေ့

Section (1) 09:00AM to 12:00PM (14) ဦး
Section (2) 01:30PM to 04:30PM (14) ဦး

သုံးလပြတ် အထူးသင်တန်းများ

အပတ်စဉ် (၅၈၉) ၁၀-၁၀-၂၀၀၈ရက်စမည်။သောကြာနေ့တစ်ရက်တည်းသာ။
အပတ်စဉ် (၅၉၀) ၁၁-၁၀-၂၀၀၈ရက် စမည်။ စနေနေ့ တစ်ရက်တည်းသာ။
အပတ်စဉ် (၅၉၁) ၁၂-၁၀-၂၀၀၈ရက်စမည်။ တနင်္ဂနွေနေ့ တစ်ရက်တည်းသာ။

Section (1) 08:00AM to 12:30PM (14) ဦး
Section (2) 01:30PM to 05:30PM (14) ဦး

(၁၀)ရက်အပြီး အထူးအမြန်သင်တန်း

အပတ်စဉ် (၅၉၂) ၈-၁၀-၂၀၀၈ရက် စ၍ ၁၈-၁၀-၂၀၀၈ ရက်အထိ
09:00AM to 04:30PM (14) ဦး

မြေတိုင်းသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိအဆင့် မြေတိုင်းသင်တန်း အပတ်စဉ် (၄)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုတံဆိပ်နှင့် လက်မှတ်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဦးသန်းက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ပျော်ဘွယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ပျော်ဘွယ် စက်တင်ဘာ ၂၅

ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၆ ရက် နံနက် ၁၀နာရီက အမေထိန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ပညာရည်ထူးချွန်ကျောင်းသား ကျောင်းသူများ၊ အသင်းလုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးရအသင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် အသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပရာ သဘာပတိ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** နှစ်ပတ်လည် အစီရင်ခံစာတင်သွင်းခြင်း၊ အကြံပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် အတည်ပြုဆုံးဖြတ်ခြင်းများ ဆောင်ရွက်ကြသည်။ (ဝ၈၅)

မြို့နယ် သတင်းများ

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် စည်ပင်သာယာရေးဈေး ဝန်ထမ်းများဖြင့် ရုံးဝင်းအတွင်းမြေယာ ရှုခင်းအလှ ပြုပြင်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

လင်းခေးမြို့ နမ့်နော်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာရေးခုံနှင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

လင်းခေး စက်တင်ဘာ ၂၂

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၄ရက် နံနက် ၁၁နာရီက လင်းခေးမြို့နယ် (နောင်လုံကျေးရွာအုပ်စု) နမ့်နော်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျောင်းစာရေးခုံပေးအပ်လှူဒါန်းပွဲကို နမ့်နော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ဌေးနှင့် ကျေးရွာ ဥက္ကဋ္ဌ မယ်ထောက်မိုင်တို့က ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးစိုင်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဦးစိုင်းကျော်ဌေးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျောင်းစာရေးခုံများ လှူဒါန်းရခြင်း အကြောင်းကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုင်းဇော်လတ်က ကျေးရွာ စာကြည့်တိုက်များ ရေရှည် ရှင်သန်ခိုင်မာရေး လုပ်ငန်းအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစိုင်းမြလှိုင်က ငှက်ဖျားရောဂါအကြောင်းသိကောင်းစရာနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ရသစာအုပ်မျိုးစုံ အုပ် ၅၀၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံအုပ်၅၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကျောင်းစာရေးခုံ အလုံး၂၀နှင့် သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၂၀၀တို့ကို ကျေးရွာစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌမယ်ထောက်မိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစံထွန်းတို့က လက်ခံယူသည်။ **(အပေါ်ပုံ)** (ခရိုင် ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ပွင့်ဖြူမြို့၌ ဂုဏ်ပြုဆုချီးမြှင့်

ပွင့်ဖြူ စက်တင်ဘာ ၂၃

၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော သင်ကြားမှုထူးချွန်သူ ဆရာ ဆရာမများ၊ ကြီးကြပ်ပေးသော မြို့နယ် ပညာရေးမှူး ဒေါ်မြသန်းနွယ်နှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် ညနေ ၄နာရီက ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ် ပညာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှဌေးက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော သင်ကြားမှုထူးချွန်သူ ဆရာ ဆရာမ ၂၂ဦး၊ ကြီးကြပ်ပေးသော မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာ ဆရာမကြီးများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပွင့်ဖြူမြို့နယ်တွင် ဂုဏ်ထူး ရရှိသူပေါင်းမှာ ၅၁ ဦးရှိကြောင်း သိရ သည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျောက်ပန်းတောင်း၌ ဆောင်ရွက်

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိဦးတင်လတ်သည် စက်တင်ဘာ၂၀ရက်က ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စက်တင်ဘာ၂၁ရက်တွင် မြင်းခြံခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်ကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့် ဝန်ထမ်းများ လိုက်ပါလျက် တခါးမကျေးရွာ၊ အင်ချောင်းကျေးရွာ၊ ပုပ္ပားနှင့် မြောက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက် စစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်များ တိုးပွားရေးနှင့် ငွေပဒေသာပင်များ စနစ်တကျ စုဆောင်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့၌ ကမ္ဘာ့ ရေးဦးသူနာပြုစုခြင်းနေ့နှင့် လူထုအတွင်း ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

ကန့်ဘလူ စက်တင်ဘာ ၁၆

၂၀၀၈ခုနှစ် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့အခမ်းအနားနှင့် လူထုအတွင်း ရှေးဦးသူနာပြုစုခြင်း(အမြဲတေ)ဆင့်ပွား သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၁၀နာရီက ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ်က ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ သိမှတ်ဖွယ်ရာများကို ဟောပြောသည်။ ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးဝင်းက ကြက်ခြေနီသူနာပြု စိတ်ဓာတ်ဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးဆောင်ရွက်ကြရန် မှာကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ဝ၂၇)

ကျောက်တန်းမြို့ အောင်မင်္ဂလာလမ်းကတ္တရာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကောင်းမြတ်မြတ်မွန်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်တွင် စာဖတ်ဝိုင်း ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းအခမ်းအနားကို စက်တင်ဘာ ၂၁ရက်က အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)က အမှာစကားပြောကြားသည်။

ဖတ်ကြားဆွေးနွေး

စာဖတ်ဝိုင်း ဖွင့်ပွဲကို ဆက်လက် ကျင်းပရာ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဝင်းညိုက လူထု ဒေါ်အမာ၏ အမေ့ရှေးစကားဆောင်းပါး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဒေါ်စိမ်းလှဲ့က ဒေါက်တာမတင်ဝင်း (ပညာရေး တက္ကသိုလ်)၏ ကိုယ်ပဲလူကြီး ကိုယ်ပဲ ကလေးစာအုပ်ကို ဖတ်ကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ပြန်လည်သုံးသပ် ဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမာက ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ် ၁၀၀ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က လက်ခံယူသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေး

ပြင်ဦးလွင် စက်တင်ဘာ ၁၉

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များသည် ဩဂုတ် ၁၉ရက်က ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်၍ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ကျန်းမာသော ပတ်ဝန်းကျင်ပြုမှု နေထိုင်တတ်စေရန် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အသင်းအဖွဲ့ဝင် ဒေါ်ကြူကြူက အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ (ဝ၈၈)

မိုးမောက်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုးနှင့်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိဦးတင်မောင် ထွေးတို့ မင်းဂျမ်း ကျေးရွာကျေးလက် ဈေးကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခန္တီးမြို့ အမှတ်(၂) မူလတန်းလွန်ကျောင်းတွင် ဟောပြော

ခန္တီး စက်တင်ဘာ ၂၄

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက်၁၀နာရီက ခန္တီးမြို့ အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း (ဇီးဖြူကုန်း) ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းဖေက တားဆီးကာကွယ် မူးယစ်အန္တရာယ်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက သားတို့သမီးတို့ရဲ့ အနာဂတ်ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူကာ ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ရေပေးရေး လေးလက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို စက်တင်ဘာ ၁၁ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့ ကျောင်းတက်လမ်း ခွဆုံ စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ဝင်ထမ်းများ ဆောင်ရွက်မှုကိုအမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲခရိုင် ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံဘောလုံးပြိုင် ဗိုလ်စွဲသော ခရိုင်ရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်

ကျောက်မဲ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ရက်က ကျောက်မဲမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ခရိုင်ရဲတပ်ဖွဲ့အသင်းနှင့် မြို့မအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရိုင်ရဲတပ်ဖွဲ့အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ ဒုတိယရရှိသော မြို့မအသင်းအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လည်းကောင်း၊ တစ်ဦးချင်း အကောင်းဆုံးဆုများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်လွင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမရရှိသော ခရိုင်ရဲတပ်ဖွဲ့အသင်းအား ခရိုင်ဥက္ကဋ္ဌ ဦးကျော်သန်းက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆု ငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)** **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ချောက်မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်

ချောက် စက်တင်ဘာ ၂၄

မကွေးခရိုင် ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လေ့လာသိရှိနိုင်စေရေးနှင့် ဝန်ထမ်းများစာဖတ်ရှိန် မြှင့်တင်ရေးတို့အတွက် စက်တင်ဘာ ၉ရက် နံနက် ၁၀နာရီက မြို့နယ်စာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်းကို ကျင်းပရာ အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲအခမ်းအနားတွင် ဝန်ကြီး၏ မှာကြားချက်ကို ရပ်သံကျွမ်းကျင်-၃ ဒေါ်သူဇာစိုး၊ အငယ်တန်းစာရေး ဒေါ်ဝင်းအိမွန်နှင့် လုပ်သားရပ်သံ ဒေါ်အေးအေးမူတို့က အလှည့်ကျ ဖတ်ကြားကြသည်။

ထို့ပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်ကို စာထောက်-၃ ဒေါ်မြင့်ကေခိုင်နှင့် ရုံးအကူဒေါ်မြင့်သီတာတို့က ဖတ်ကြားပြီး စာအုပ်ပါအချက်အလက်များနှင့်ပတ်သက်၍ မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းက ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဈေးတာဝန်ခံ ဦးဆောင်သောအဖွဲ့က သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဈေးရေမြောင်းများ ဆယ်ယူနေမှုကို စက်တင်ဘာ ၄ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းသန့်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (၁၁၆)

ရဲတပ်ဖွဲ့ဝင်မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဆွေးနွေး

ဟသ်ာတ စက်တင်ဘာ ၁၆

ဟသ်ာတမြို့နယ် ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁နာရီက အမှတ်(၁)ရဲစခန်းဝင်း အတွင်းရှိ ရဲမွှာရုံ၌ကျင်းပရာ မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင် ဒေါ်အမာတင်က မိသားစု ကျန်းမာရေး၊ ပညာရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများ ဆွေးနွေးပြီး မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင် ဒေါ်ခင်လေးနွယ်က ရှေ့လုပ်ငန်းစဉ်များ၊ လိုင်းခန်းများ သန့်ရှင်းရေးနှင့် တပ်ဖွဲ့ဝင် မိသားစုများ စည်းလုံး ညီညွတ်ရေးကိစ္စများ ဆွေးနွေး၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (၁၇၇)

မြို့နယ် သတင်းများ

ချောင်းဆုံမြို့၌ စာပေဟောပြော

ချောင်းဆုံ စက်တင်ဘာ ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာပေဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ချောင်းဆုံ (အထက)နှင့် မုရစ်ကလေး (အထက) တို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစံငွေက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာဖတ်သူ တိုးပွားရေး စာဖတ်ရှိန်မြှင့်တင်ပေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနားမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၂၃

မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁၃ရက် ညနေ ၄နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ခေမာသီရိရပ်ကွက် ဘောလုံးအသင်းနှင့် ကချင်စုရပ်ကွက်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကချင်စုရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးစန်းအောင်က ပထမဆုရ ကချင်စုရပ်ကွက် ဘောလုံးအသင်းအား ပထမဆုဖလားနှင့် တစ်ဦးချင်းဆုများချီးမြှင့်ရာ ကချင်စုရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အသင်းခေါင်းဆောင်တို့က လက်ခံယူကြောင်း သိရသည်။**(အောက်ပုံ)** (၀၀၃)

မိုးစပါးလျှာထားချက်ပြည့်မီရေး အလေးထားဆောင်ရွက်

မိုးညှင်း စက်တင်ဘာ ၁၄

မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ရက် နံနက်၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက မိုးစပါးလျှာထားချက်ကေပြည့်မီအောင် အချိန်မီ စိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ချယ်ရီလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအတွက် ကျောက်၊ သဲများ စုဆောင်းထားရှိမှု အခြေအနေကို စက်တင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိဦးတင့်ဝေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် ပြန်/ဆက် ဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ သုံးသပ်ဆွေးနွေး

သီပေါ စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ စက်တင်ဘာ ၂၂ရက် နံနက်၁၀နာရီက စာဖတ်ဝိုင်းဖွဲ့ အခမ်းအနား ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်မှန်းချက်ကို ရှင်းလင်းပြောကြားသည်။

သုံးသပ်

ထို့နောက် စာဖတ်ဝိုင်းကို ကျင်းပရာ စက်တင်ဘာ၁၁ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင်ချစ်နိုင်(စိတ်ပညာ) ရေးသားသော လူလိုမှနတ်လိုတယ် နတ်လိုမှဂြိုဟ်မတယ်ဆောင်းပါးကိုစာကြည့်တိုက် လက်ထောက်(၃)ဒေါ်သီဂီစိုးနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်တို့က လည်းကောင်း၊စက်တင်ဘာ၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် နှင်းဦးခင်၏ တိုင်းပြည်ကိုတကယ်ချစ်ပါလျှင် ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်နီလာစိုးနှင့် အငယ်တန်းစာရေး ဒေါ်မာရီတို့ကလည်းကောင်း ဖတ်ကြားဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာတမ်းများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးကြောင်း သိရသည်။ (၀၂၀)

ချောင်းဦးမြို့၌ စာအုပ်စာစောင်များ ခင်းကျင်းပြသ

ချောင်းဦး စက်တင်ဘာ ၂၀

မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဩဂုတ် ၂၇ရက် နံနက် ၁၁နာရီက စာအုပ်စာစောင်များ ခင်းကျင်းပြသရာ မြို့နယ်ဦးစီးမှူးဦးဖိုးချိုက စာအုပ်စာစောင်များ ခင်းကျင်းပြသရခြင်း ရည်ရွယ်ချက်နှင့် စာပေအသိအမြင် ကြွယ်ဝစေရေးကိုလည်းကောင်း၊ စာထောက်(၃)ဦးခင်ဝင်းက စာအုပ်စာပေဖတ်ရှုရေးနှင့် စာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိမှုအကြောင်းတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အရံဂြိုဟ်လပေါ်၌ နျူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

နာဆာ စက်တင်ဘာ ၂၉

ကမ္ဘာဂြိုဟ်မှကျော်လွန်ကာ အရံဂြိုဟ်လ၏ မျက်နှာပြင်ပေါ်တွင် အခြေစိုက်ကာ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးစီမံကိန်းကို နာဆာအဖွဲ့က စီစဉ်နေပြီဖြစ်သည်။

ထုတ်လုပ်နိုင်မည်

အဏုမြူ၏အလယ်ဗဟို(နျူကလိယ)ကွဲပွားခြင်းကို အခြေခံကာ ဓာတ်အားထုတ်လုပ်မည့် အရံဂြိုဟ်လမျက်နှာပြင်အခြေစိုက် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် ဓာတ်အားကီလိုဝပ် ၄၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သုံးစွဲနိုင်

ထိုသို့ ထုတ်ယူရရှိသော ဓာတ်အားများကို အရံဂြိုဟ်လပေါ်ရှိ လုပ်ငန်းစဉ်များအတွက် အချို့သုံးစွဲမည်ဖြစ်ပြီး အချို့ဓာတ်အားများကို ကမ္ဘာဂြိုဟ်သို့ ပြန်လည်ပေးပို့ရန် စီစဉ်ထားသည်။ ယင်းဓာတ်အားသည် ကမ္ဘာမြေပြင်၌ နေအိမ်အချို့ သုံးစွဲနိုင်သော ဓာတ်အားပမာဏဖြစ်သည်။



အရံဂြိုဟ်လမျက်နှာပြင်၌ နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ပုံစံငယ်ကို ဤသို့တွေ့ရသည်။

အရံဂြိုဟ်လပေါ်၌ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားထုတ်ယူရန် စီစဉ်မှုမှာ အရံဂြိုဟ်လမျက်နှာပြင်ပေါ် သုတေသနပြုလေ့လာသော အာကာသယာဉ်မှူးများအတွက် ဖြစ်ကြောင်း၊ ထို့အတူ အင်္ဂါဂြိုဟ်ပေါ်၌လည်း ဓာတ်အားထုတ်ယူရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအရှေ့ပိုင်း၌ မီးရှူးမီးပန်း ပေါက်ကွဲမှုဖြစ်ပွား ရှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

နယူးဒေလီ စက်တင်ဘာ ၂၉

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကျေးရွာတစ်ရွာ၌ စက်တင်ဘာ ၂၉ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ ဩရိဿပြည်နယ်မြောက်ပိုင်း ဘာလာဆိုရီခရိုင်အတွင်း ကျေးရွာတစ်ရွာဖြစ်ပြီး မီးရှူးမီးပန်းများ ပြုလုပ်သောနေအိမ်မှ ခဲယမ်းများ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

မှန်သုံးမှန်နှင့်အညီ မြန်မာစာကို မှန်မှန်ကန်ကန်ရေးတတ်ဖို့လိုအပ် အလွတ်ကျက်ရေးတာမျိုးထက် ကိုယ်တိုင်အရေးလေ့ကျင့်ကြရမည်

မောင်ခင်မင်(ဓနုဖြူ)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

"စာရေးရာမှာ တစ်ဦးဆိုလိုတာကို တစ်ဦးနားလည်အောင် ရေးဖို့ဆိုတာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်"

ဦးခင်အေး

(မောင်ခင်မင်-ဓနုဖြူ)

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာ့စာပေသည် သမိုင်းနှင့်ချီ၍ ဂုဏ်ဒြပ်မြင့်မားစွာ တည်ရှိခဲ့သည်။ မြန်မာ့စာပေဂုဏ်ဒြပ် မြင့်မားနေရန်လည်း ရှေးခေတ်မြန်မာစာပေ ပညာရှင်များက စာပေရေးသားမှုကို အထူးဂရုတစိုက် ရေးသားဖွဲ့ဆိုခဲ့ကြသည်။ ယခုအခါ မြန်မာစာပေရေးသားမှုအပိုင်း၌ အားနည်းမှုများ ရှိလာခဲ့ရာ မြန်မာစာပေရေးသားမှုနှင့်ပတ်သက်၍ မြန်မာစာပါမောက္ခ(ငြိမ်း) ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)အား မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ ။ မြန်မာစာပေရေးသားမှုအပေါ် ဆရာ့ရဲ့အမြင်ကို ပြောပြပေးပါဦး ဆရာ။

ဖြေ ။ ။ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး ရေးသားဆက်သွယ်ရာမှာ မြန်မာစာကို နေ့စဉ်မသုံးမဖြစ် သုံးနေရတယ်ဆိုတာ အများအသိပါပဲ။ စာမျက်နှာ ၈ ကော်လံ ၁ ●

အင်တာမီလန်၊ လီဗာပူးနဲ့ အက်သလက်တီကိုတို့ နိုင်ပွဲတွေဆက်ကြဦးမယ့် ချန်ပီယံလိဂ်ဗုဒ္ဓဟူးနေ့ည

CHAMPIONS LEAGUE

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၉

အောက်တိုဘာ ၂ ရက်ညမှာ ကစားမယ့် ပွဲတွေကတော့ အကြိတ်အနယ်နဲ့ ကြည့်ကောင်းနေဦးမှာပါ။ အထူးသဖြင့် အင်တာမီလန်နဲ့ ဝါဒါဘရီမင်ပွဲဟာ တိုက်စစ်သန်တဲ့ နှစ်သင်း ဆုံတဲ့ပွဲဖြစ်တာကြောင့် ပွဲက ကြည့်ကောင်းနေမှာဖြစ်သလို ဘော်ဒိုးမြေမှာ အမှတ်တစ်မှတ်ရဖို့ကိုတောင် အားစိုက်ကစားရမယ့် ရိုးမားရဲ့ ခြေစွမ်းက ဘယ်လိုရှိနေမလဲ။ ပြီးတော့ ရက်တာဒိုးနက်စ်ရဲ့ကွင်းမှာ သွားကစားရဖို့ရှိနေတဲ့ ဘာစီလိုနာဟာလဲ အသင်းကြီးပီပီ စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ချန်ပီယံလိဂ် အုပ်စု(က) အဖွင့်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် ဘော်ဒိုးတို့ပွဲစဉ်တွင် ချယ်လ်ဆီးမှ မာလူဒါ(ယာ) ဤသို့ ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ

ရန်ကုန် စက်တင်ဘာ ၂၉

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

ယခုနှစ်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများကို အများဆုံးယှဉ်ပြိုင်ခွင့်ရရှိမည့် နှစ်တစ်နှစ်ဟုဆိုနိုင်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲ ခြောက်ခုကို ယှဉ်ပြိုင်ရန်ရှိသည့်အနက်မှ ပြိုင်ပွဲ နှစ်ပွဲ ယှဉ်ပြိုင်ပြီးဖြစ်၍ နောက်ထပ်ပြိုင်ပွဲလေးရပ် ယှဉ်ပြိုင်ရန် ကျန်ရှိနေသည်။

ထို့ကြောင့် ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကိုကြည့်လျှင် ပြိုင်ပွဲအများဆုံးယှဉ်ပြိုင်သည့် နှစ်ပင်ဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၁ ■

အပြင်းအထန်

မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးရန်ပိုင်ဤသို့ အပြင်းအထန် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

(မြန်မာ့အလင်း)

လေ့ကျင့်

ဗီယက်နမ် ဖိတ်ခေါ် ပြိုင်ပွဲအတွက် မြန်မာအသင်း ဤသို့လေ့ကျင့်ခဲ့ကြသည်။

(မြန်မာ့အလင်း)